ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့၊ (11-6-2006) (၄၉၈၅)

ပကတိအခြေအနေမှန်ကို နားလည်သင့်ပြီ

လက်တွေ့အားဖြင့် မိမိလူမျိုးကိုလည်းအကျိုးမပြု၊ ပြည်နယ်အကျိုးကိုလည်း ထိခိုက်နစ်နာစေလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်သည် ကာလရှည်ကြာလာသည်နှင့်အမျှ အင်အားချည့်နဲ့လာပြီး မိတ်ဆွေ၊ ရန်သူ ခွဲခြားနိုင်စွမ်းမရှိတော့ဘဲ အနိုင်အထက်ပြုကျင့်မှု၊ အကြမ်းဖက်မှုများနှင့် ပို၍ပို၍ ရောထွေးလာနေရပြီး ပြည်တွင်းအားထက် ပြည်ပအပေါ် ပိုမိုမှီခိုနေရပြီဆိုသည့် မိမိတို့၏ပကတိအခြေအနေမှန်ကို နားလည်သိရှိသင့်သည့်အချိန်အခါရောက်ရှိနေပြီ။

တစ်ချိန်က ကရင်ပြည်နယ်ကြီးသည် လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကြောင့် ဒေသခံပြည်သူများ ကျိုးလန့်စာစားနေခဲ့ရ အစွန်အဖျားကျေးရွာဒေသများမှာ နိုင်ငံတော်အစိုးရက ထူထောင်ပေးထားသည့် ပညာရေးစနစ် လုံးဝပျောက်ကွယ်ခဲ့ ယခုဆိုလျှင် ကရင်ပြည်နယ်၏ ကျေးရွာအားလုံးနီးပါး မူလတန်းကျောင်းများရှိလာပြီး ပညာရေး၌ လက်လှမ်းမီရှိနေ အခြေအနေပေးလျှင်ပေးသလို အစွန်အဖျားကျေးရွာများအထိ အထက်တန်းကျောင်းများဖွင့်ပေးရန် ပြင်ဆင်ထားပြီးဖြစ်

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီတွင်ကျင်းပသော အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)ဖွင့်ပွဲသို့ တက်ရောက်၍ ဖွင့်ပွဲအထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမှာစကားပြောကြားသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရ ကွန်ပျူတာကောလိပ် (ဘားအံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

အစိုးရကွန်ပျူတာကောလိပ် (ဘားအံ) ပင်မအဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပြည်ထောင်စုအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၆-၂၀၀၆
(တနင်္ဂနွေနေ့)

ရော်ဘာ၊ ဆီအုန်းနှင့် အခြားသီးနှံများ စီးပွားဖြစ်စိုက်ပျိုး

မြန်မာနိုင်ငံသည် ရေမြေ ရာသီဥတုကောင်းမွန်ပြီး သီးနှံစုံဖြစ်ထွန်းနိုင်သော အခြေအနေကောင်းများဖြင့် ပြည့်စုံသည်။ ဆီအုန်းနှင့်ရော်ဘာတို့သည် စီးပွားဖြစ် စိုက်ပျိုးသင့်သော နှစ်ရှည်ပင်များဖြစ်သည်။ တနင်္သာရီတိုင်းတွင် မြေလွတ် မြေရိုင်းများစွာရှိပြီး ဆီအုန်းနှင့်ရော်ဘာ ဖြစ်ထွန်းနိုင်သော ရာသီဥတုရှိသဖြင့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ဆီအုန်းများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိနေကြပြီဖြစ်သည်။ ပြည်တွင်းစားသုံးဆီ ဖူလုံရေး ရည်မှန်းချက်ဖြင့် တိုင်းအတွင်း ဆီအုန်းဧကေါ်းသိန်း စိုက်ပျိုးသွားမည် ဖြစ်သည်။

ပြည်သူများ စားသုံးမှုဖူလုံစေရေးအတွက် နှစ်စဉ် စားသုံးဆီများ ဝယ်ယူတင်သွင်းနေရရာ ဆီအုန်းများ တိုးချဲ့စိုက်ပျိုးလာခြင်းဖြင့် စိုက်ပျိုးသူများ အကျိုးရှိသည့်အပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပိုမိုအထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

ပြည်ပဈေးကွက်ရှိသည့် ရော်ဘာသည်လည်း ယခုထက် တိုးချဲ့စိုက်ပျိုးနိုင်ရန် အားထုတ်ကြရမည်ဖြစ်သည်။ ရော်ဘာစိုက်ပျိုးလိုသူများအတွက် စိုက်ပျိုးမြေ အလွယ်တကူ ရရှိလုပ်ကိုင်နိုင်ရေး အားပေးကူညီလျက်ရှိသည်။ မျိုးကောင်း မျိုးသန့်များနှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများ ရရှိတတ်ကျွမ်းစေရေးအတွက် သက်ဆိုင်ရာဌာနများက ပံ့ပိုး ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် တနင်္သာရီတိုင်းအတွင်း ရော်ဘာဧက နှစ်သိန်း၊ မိုးစပါးဧက ငါးသိန်း၊ နွေစပါးဧက ငါးသောင်း၊ ငရုတ်ကောင်းဧက သုံးသောင်းကျော်၊ ခြံစည်းရိုး ကြက်ဆူပင်ဧက ငါးသိန်း စိုက်ပျိုးနိုင်ရေး တက်တက်ကြွကြွ လုပ်ကိုင်နေသည်။

မြိတ်ကျွန်းစုများဖြစ်ကြသည့် တန်ပေါ်ကြီးကျွန်းနှင့် ပါဝယ်ကျွန်းတို့၌ပင် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေကြပြီဖြစ်သည်။

တနင်္သာရီတိုင်းတွင် မုတ်သုံမိုး စောစီးစွာဝင်ရောက်လာသဖြင့် လယ်ယာလုပ်ငန်းများပြင်ဆင်ကာ လုပ်ငန်းခွင် ဝင်စပြုနေကြပြီ။ ပုလောမြို့နယ်နှင့် သရက်ချောင်းမြို့နယ်တို့တွင် မိုးစပါး စုပေါင်းထွန်ယက်ပွဲများ လုပ်ကိုင်လျက်ရှိသည်။ ဒေသ၏ ရေမြေသဘာဝ အခြေခံကောင်းများကို အပြည့်အဝအသုံးချပြီး နိုင်ငံခြားငွေရရှိနိုင်သည့် ရော်ဘာ အပါအဝင် ဆန်စပါး၊ ဆီအုန်းနှင့် စီးပွားဖြစ်သီးနှံများအား ပိုမိုတိုးချဲ့ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသူ၊ စားသုံးသူနှင့် ဒေသဖွံ့ဖြိုး တိုးတက်မှုအတွက်များစွာ အကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကိုကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယနေ့နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ ပြည်နယ်နှင့်တိုင်း မြို့ကြီးများရှိ သတ်မှတ်နေရာများ၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

ယင်းသို့ကျင်းပရာတွင် ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း ပိုစတာပြိုင်ပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက် ကြည့်ရှုအားပေးသည်။

တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများသည် နံနက်ပိုင်းတွင် အလုံမြို့နယ် မြို့နယ်ခန်းမသို့ ရောက်ရှိလာပြီး "ကမ္ဘာ့လူ့ဘောင် သာယာရေး၊ ငယ်ရွယ်သူများပျိုးထောင်ပေး"ခေါင်းစဉ်ဖြင့် အသက်(၆)နှစ်မှ(၈)နှစ်၊ အသက်(၉)နှစ်မှ (၁၂)နှစ်၊ အသက်(၁၃)နှစ်မှ (၁၅)နှစ်၊ အသက်(၁၆)နှစ်မှ (၁၈)နှစ် အဆင့်များအလိုက် ပြိုင်ပွဲများယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ရန်ကုန်တိုင်း ပိုစတာပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၄၇ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို (၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(ပြန်/ဆက်)

ဝိုင်အမ်ဘီအေအသင်း အမှုဆောင်ရွေးချယ်ပွဲ

ရန်ကုန် ဇွန် ၁၀

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ ကိုဇွန် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် YMBA အသင်း ခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ အကြံပြု၊ အဆိုပြုလွှာများ တင်သွင်းလိုပါက ခုနစ်ရက်ကြိုတင်ပို့ရန်နှင့် အသင်းဝင် ကတ်ပြားတစ်ပါတည်းယူဆောင်လာရန် နှိုးဆော်ထားသည်။ (၂၃)

တန့်ကြည့်တောင်ဆရာတော် ပြန်လည်ကြွရောက်

ရန်ကုန် ဇွန် ၁၀

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ သုန္ဒရာရာမ ဗြဟ္မဝိဟာရကျောင်း၌ သီတင်းသုံး၍ သာသနာပြုလုပ်ငန်းများဆောင်ရွက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်လာသည်။ ဆရာတော်ကြီးသည် တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်)နှင့် (မန္တလေး)တို့၌ ခေတ္တ သီတင်းသုံးကာ တန့်ကြည့်တောင် တောင်ပေါ်၌ ဝါဆိုမည်ဖြစ်သည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၁-၆-၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	ကျန်းမာပေ့ါပါး ရေကူးအားကစား
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	ဆီးချိုသွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံ အကြောင်း အပိုင်း(၁)
၈:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	နိုင်ငံတကာအနုပညာရေးရာ
၈:၃၅	မိုးလေဝသခန့်မှန်းချက်
၈:၄၀	ရေတာရှည်မြို့နယ် ကျွန်းအထူးစိုက်ခင်း
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	မြန်မာနိုင်ငံရဲ့ စပါးကျီတိုင်းဧရာဝတီ
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာအပိုင်း(၁)
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	Myanmar Video Rhytham
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲဆုပေးပွဲ အခမ်းအနား
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းမိသားစုဝင်များ၏ သားသမီးများအား ၂၀၀၆-၂၀၀၇ ခုပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး(ရုံးချုပ်) အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာနှင့် သက်ဆိုင်ရာဌာနမှူးများကကျောင်းသား၊ ကျောင်းသူများကို ပညာ သင်ထောက်ပံ့ကြေးငွေများနှင့် ကျောင်းသုံး ဗလာစာအုပ်များကို အသီးသီးပေးအပ်ကြသည်။ ယနေ့ကျင်းပသည့် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားတွင် ဝန်ထမ်းမိသားစု ရန်ကုန်အခြေပြုနှင့် နယ်ဌာနခွဲများအပါအဝင် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၄၁၃ ဦးအတွက် စုစုပေါင်း ငွေကျပ် ၆၁သိန်း ၉သောင်းနှင့် ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၅၀တို့ကို ပေးအပ် ခဲ့သည်။

(သတင်းစဉ်)

ပညာပေး ဟောပြော

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ကြီးမှူး၍ HIV-AIDS နှင့် မူးယစ်ဆေးဝါး ပပျောက်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၇ရက်က အင်းစိန် အထက (၃)ခန်းမ၌ ကျင်းပရာ အင်းစိန်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်မိုးအောင် ပညာပေးဟောပြောစဉ်။ (၆၁)

ဆေးဖက်ဝင် အစွမ်းထက်သည့် ကြက်သွန်ဖြူ

ဒေါက်တာ လွင်ကို

စာရေးသူသည် ၁၉၈၂ ခုနှစ်က အင်္ဂလန်နိုင်ငံ ဝေလပြည်နယ် Cardiff University တွင် စာသင်သားဖြစ်ခဲ့ပါသည်။ ထိုစဉ်က ဆရာ အယ်ဒီမီလာ လက်ဆောင်ပါးလိုက်သောပစ္စည်းကို Penarth မြို့ Circular Road ပေါ်ရှိ အိမ်သို့သွား၍ ပို့ခဲ့ပါသည်။ ဇန်နဝါရီလ ပထမပတ် နှင်းမုန်တိုင်းကျပြီးစဖြစ်၍ ရာသီဥတုဒဏ်ကြောင့် နှာစေး ချောင်းဆိုး ဖြစ်နေပါသည်။

အိမ်ရှင်များအား လက်ဆောင်ပစ္စည်းပေးရင်း အာလာပ သလ္လာပ စကားပြောဆိုနှုတ်ဆက်စဉ် ကျွန်တော်ချောင်းဆိုးမိခဲ့သည်ကို သတိပြုမိသွားသဖြင့် အိမ်ရှင်အဘိုးကြီးက–

"ဒေါက်တာ ချောင်းဆိုးနေတယ်မှတ်တယ်။ ကြက်သွန်ဖြူလေး မီးကင်စားလိုက်ပါလား။ လုပ်ပေးမယ်လေ"

"ကျွန်တော် Antibiotic သောက်ထားပါတယ် ခင်ဗျ"

"ဒေါက်တာနေတဲ့ International Center မှာ ကြက်သွန်ဖြူ မရနိုင်ဘူး။ ကျွန်တော်တို့ ပေးလိုက်ပါ့မယ်၊ တုပ်ကွေး၊ အအေးမိနဲ့ ချောင်းဆိုးအတွက် အလွန်ကောင်းပါတယ်"

"ဒါတင်ဘယ်ကမလဲ၊ သွေးတိုးနဲ့ နှလုံးအတွက် ကာကွယ်ပေးပါတယ်ရှင့်"ဟု အဘွားကြီးက ဝင်ပြောပါသည်။

"အိုကွာ– ဒီ ဒေါက်တာအသက်နဲ့ ပုံစံက သွေးတိုးနဲ့ နှလုံးရောဂါ ရှိပါ့မလား"

"ကျွန်တော့်အတွက် အခုလို အကြံပြုကြတာ ကျေးဇူးတင်ပါတယ်"

ထိုစဉ်အခါကပင် အင်္ဂလန်နိုင်ငံ နယ်ဘက်ပိုင်းတွင်နေကြသော အဘိုးကြီး၊ အဘွားကြီးများသည် ကြက်သွန်ဖြူကို ၎င်းတို့ရိုးရာ ဆေးတစ်လက်အဖြစ် အိမ်တွင်းသမားတော်ကဲ့သို့ပင် နားလည်အသုံးပြုခဲ့ကြသည်ဟု ကျွန်တော် စဉ်းစားမိပါသည်။

ကျွန်တော့်အား ထိုအိမ်သို့ စေလွှတ်လိုက်သူမှာ ကျွန်တော့်ဆရာ ဒေါက်တာအယ်ဒီမီလာ–ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ပင် ဖြစ်ပါသည်။

ရှေးအီဂျစ်လူမျိုးများသည် ကြက်သွန်ဖြူကို အားကိုးအားထားပြုရာ ပစ္စည်းအဖြစ် တင်စားကြပါသည်။ မကောင်းဆိုးဝါး မကပ်ရောက်နိုင်အောင် ကာကွယ်ရာ၌ အသုံးပြုသည့် ပစ္စည်းအဖြစ်ပင် သတ်မှတ်သုံးစွဲခဲ့ကြပါသည်။ ဂရိအိုလံပစ် အားကစားသမားများသည် ကြက်သွန်ဖြူကိုဝါး၍ ပြိုင်ပွဲဝင်လေ့ရှိပါသည်။

တစ်ကမ္ဘာလုံး ကြက်သွန်ဖြူ အသုံးပြုပုံများကို လေ့လာစုစည်းမိပါသည်။ ဘက်တီးရီးယားပိုးသတ်ဆေး၊ မှိုပိုးသတ်ဆေး၊ ဗိုင်းရပ်စ် ပိုးသတ်ဆေးများအဖြစ် လည်းကောင်း၊ သွေးတိုးကျဆေး၊ သွေးအတွင်းရှိ ကိုလက်စထရောချဆေး၊ သွေးကြောရောဂါများအတွက် ဆေးအဖြစ် လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်များအတွက်လည်းကောင်း၊ ဆီးချို ရောဂါအတွက်လည်းကောင်း၊ အအေးမိ နှာစေးချောင်းဆိုးအတွက် လည်းကောင်း၊ အစာအိမ်ရောဂါများအတွက်လည်းကောင်း၊ နှလုံးရောဂါ ကာကွယ်ဆေးအဖြစ်လည်းကောင်း၊ ကင်ဆာရောဂါ ကာကွယ်ဆေးအဖြစ် လည်းကောင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် လည်းကောင်း အသုံးပြု သည်များကို တွေ့ရပါသည်။

လေ့လာထားချက်များအရတော့ ကြက်သွန်ဖြူမှုန့် နှစ်ဂရမ်ကို နေ့စဉ် လေးပတ်စားရင် ကိုလက်စထရော (Cholesterol) အဆီဓာတ် လွန်ကဲ နေသူများအားလုံးမှာ ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဆက်စားရင် ဆက်ကျတာကိုတွေ့ရကြောင်း ဖော်ပြထားပါတယ်။ (The journal of Royal College of Physicians Vol 28. No 1:39-45)

ဂျာမနီနိုင်ငံမှာ လူ ၂၆၁ ဦးကို ကြက်သွန်ဖြူမှုန့် ဆေးပြားကျွေးပြီး လေ့လာရာ ၅၆ ရက်အတွင်း (Triglycerides) ထရိုင်ဂလစ်စရိုက် အဆီဓာတ် လွန်ကဲနေသူများအားလုံး၁၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကို တွေ့ရှိရပါတယ်။

အမျိုးသမီးများအတွက် အကျိုးထူးတာကတော့ ကိုယ်ဝန်ဆောင် သွေးဆိပ်တက်ခြင်းကို ကာကွယ်နိုင်တဲ့အပြင် ပေါင်ချိန်မပြည့်တဲ့ ကလေး မွေးဖွားမှုကို ထူးထူးခြားခြား ကာကွယ်နိုင်ကြောင်း Chelsea နဲ့ Westminister ဆေးရုံ (အင်္ဂလန်) မှာ လေ့လာထားတာ တွေ့ရပါတယ်။

ကြက်သွန်ဖြူမှာပါတဲ့ အစွမ်းထက်ဆုံးပစ္စည်းကတော့ Allicin လို့ခေါ်ပါတယ်။ လူ့ခန္ဓာကိုယ်ထဲမှာ လောင်ကျွမ်းမှုက ထွက်ပေါ်လာတဲ့ ဓာတ်တိုးပစ္စည်းတွေဟာ ကောင်းကျိုးမပေးပါဘူး၊ ကင်ဆာဖြစ်စေနိုင်သလို သွေးကြောတွေကိုလည်း ပိတ်စေပါတယ်။ အိုမင်းရင့်ရော်မှုကိုလည်း ဖြစ်စေပါတယ်။ ဒီဆိုးကျိုးဖြစ်စေနိုင်တဲ့ ဓာတ်တိုးပစ္စည်းတွေကို Allicin က မြန်မြန်ဆန်ဆန် ဝါးမျိုပစ်လိုက်တယ်လို့ ဆိုရလောက်အောင် ကောင်းတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါ။

ကြက်သွန်ဖြူညှစ်ထုတ်ရည်မှာပါဝင်တဲ့ Allicin ဟာ (Fungus) မှို ပိုးသတ်တဲ့နေရာမှာလည်း အလွန်အစွမ်းထက်ပါတယ်။ ယခု လက်ရှိ သုံးနေတဲ့ Nystatin, Griseofulvin, Amphotericin-B ဆိုတဲ့ ဆေးတွေနဲ့ Candida, Cryptococcus, Aspergillus, Epidmophyton ဆိုတဲ့ မှိုပိုးတွေကို ယှဉ်ပြီးသတ်စေရာမှာ ဒီဆေးတွေထက်သာတာကို တွေ့ရတော့ ခန္ဓာကိုယ်ဘယ်နားမှာပဲ မှိုရောဂါပိုးဝင်ဝင် ကြက်သွန်ဖြူကို သတိရသင့်ပါတယ်။ ပိုးကြောင့် ဦးနှောက်အမြှေးရောင်တာဟာ သေစေနိုင်တဲ့ အခြေအနေပါ။ ဒါကို တရုတ်ပြည်မှာ ကြက်သွန်ဖြူ ညှစ်ထုတ်ရည်နဲ့ကုတာ အောင်မြင်ကြောင်း သိရပါတယ်။ (Human Medical College-China)။ ဒီ အာနိသင်နဲ့ ပတ်သက်ပြီး တိရစ္ဆာန်မွေးမြူရေး သမားတွေဟာ မှိုရောဂါကာကွယ်ဖို့အတွက် ကြက်သွန်ဖြူ ပါးပါးလှီးပြီး အစာနဲ့ရောကျွေးနေကြပါပြီ။

စိုက်ပျိုးရေးသမားများကတော့ (1-2 % Garlic oil) ကြက်သွန်ဖြူ အဆီကို ပိုးသတ်ဆေးအဖြစ်နဲ့တစ်မျိုး၊ မှိုတက်ကာကွယ်ခြင်းအသွင်နဲ့ တစ်ဖုံ စုံအောင်သုံးနေကြပါတယ်။ ဓာတုပစ္စည်းများနဲ့ ပြုလုပ်ထားတဲ့ ပိုးသတ်ဆေးထက် အန္တရာယ်ကင်းတာပေါ့။

ရုရှားလူမျိုးတွေက ကြက်သွန်ဖြူကို ရုရှားပင်နီဆီလင်လို့ ခေါ်ကြပါတယ်။ ဗိုင်းရပ်စ်ပိုးကြောင့် ဒေသတစ်ခုခုမှာ တုပ်ကွေးရောဂါဖြစ်ပြီဆိုရင် မော်စကို ရေဒီယိုက ကြက်သွန်ဖြူစားပြီး ကာကွယ်ကြဖို့ တစ်နိုင်ငံလုံးကို နှိုးဆော်လေ့ရှိပါတယ်။ ဒါကြောင့် တစ်နှစ်မှာ တန်ချိန် ၅၀၀ လောက် မှာယူတင်သွင်း သုံးစွဲခဲ့ရဖူးပါတယ်။

ကာကွယ်ဆေးမပေါ်ခင်က ပိုလီယိုရောဂါထတဲ့ ဒေသတွေမှာ ကြက်သွန်ဖြူကို ကာကွယ်ဆေးအဖြစ်နဲ့ စားခဲ့ကြတာ ဥရောပအရှေ့ခြမ်း နိုင်ငံတွေမှာပါ။

ရေယုန်နဲ့ ကလေးများ အသက်လေးနှစ် ပတ်ဝန်းကျင်မှာ ဖြစ်တတ်တဲ့ Mollscum contagiosum ခေါ် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်တဲ့ရောဂါဟာ တော်တော်ဆိုးပါတယ်။ တစ်ကိုယ်လုံးအကွက်တွေထ အရေပြားလောင်ပြီး သနံရည်ထွက်တာ စိတ်ပျက်စရာပါ။ ကြက်သွန်ဖြူအဆီ လိမ်းပေးရုံနဲ့ အမာရွတ်တောင်မကျန်ဘဲ ပျောက်ကင်းတာ အံ့ဩလောက်ပါတယ်။

ကြက်ငှက်မွေးမြူရေးသမားတွေကလည်း ဗိုင်းရပ်စ်ပိုးဝင်ရင် ကာကွယ်နိုင်အောင်လို့ ကြက်သွန်ဖြူ ပါးပါးလှီးပြီး တစ်ကောင်ကို မီလီဂရမ် ၅၀၀ စီ နေ့စဉ်ကျွေးကြပါတယ်။အထူးသဖြင့်တော့ Q fever ကို ဖြစ်စေတယ်တဲ့။ Coxiella burnetii ဆိုတဲ့ ဗိုင်းရပ်စ်ပိုးကို ကာကွယ်နိုင်တာ ကိုတော့ တွေ့ရပါတယ်။ အခြားဗိုင်းရပ်စ်ပိုးတွေကို ကာကွယ်နိုင်မလား။ စမ်းသပ်ဆဲပါ။

အမေရိကန်တချို့က ပြောကြပါတယ်။ အင်္ဂလန်နိုင်ငံက ထုတ်လုပ်ပြီး (FDA) ရောင်းချခွင့် မကြာသေးခင်က ခွင့်ပြုထားတဲ့ တုပ်ကွေးရောဂါ ဆေးတစ်မျိုးဟာ ဆေးပတ်လည်အောင် ဆေးအပြား ၃၀ စားရပြီး တန်ဖိုးက ၄၅ ဒေါ်လာမို့ ဒီတစ်ဆောင်းလုံး တုပ်ကွေးရောဂါကာကွယ်ဖို့ မိသားစုတစ်ခုလုံး ကြက်သွန်ဖြူ ဝယ်စားရင်တောင် လုံလောက်တယ်တဲ့။

မြန်မာတိုင်းရင်းဆေးကျမ်းများအရ မြန်မာမှုနယ်ပယ်တွင် ကြက်သွန်ဖြူဥကို ရှေးပဝေသဏီကပင် အောက်ပါနည်းများဖြင့် အသုံးပြုခဲ့ကြပါတယ်–

(၁) ကြက်သွန်ဖြူဥတစ်လုံး၏ အောက်ပိုင်းကိုလှီး၍ ထွက်လာသော အစေးရည်ဖြင့် ပွေး၊ ဝဲ၊ ယားနာ၊ တင်းတိပ်၊ ဝက်ခြံတို့ကို မကြာခဏ ပွတ်ပေးကပျောက်၏။

(၂) ကြက်သွန်ဖြူကို နေ့စဉ်စားသုံးခြင်းဖြင့် သွေးတိုးရောဂါကို ပျောက်ကင်းစေနိုင်သည်။ ကြက်သွန်ဖြူ ဥတစ်လုံး ဥကြီး ခုနစ်လုံးကို နွားနို့စစ်စစ် ၄၀ သားတွင် ထည့်၍ ဆူအောင်ကျိုပြီး ၁၀ မိနစ်ခန့် အအေးခံပါ။ နောက်တစ်ကြိမ် ဆူအောင် ထပ်တည်၍ သောက်ပါက သွေးတိုးရောဂါပျောက်၏။

(၃) ကြက်သွန်ဖြူကို အရည်ပြု၍သောက်ခြင်း၊ စားခြင်းဖြင့် ချောင်းဆိုးရောဂါ၊ ဝမ်းဖော၊ ဝမ်းရောင်နှင့် ဝမ်းဗိုက်တွင် ဖြစ်ပေါ်တတ်သော အနာရောဂါများပျောက်၏။

(၄) ကြက်သွန်ဖြူကို နှမ်းဆီတွင်စိမ်၍ ဆားအနည်းငယ်ထည့်ပြီး ထမင်းမစားမီ စားပါက လေရောဂါ ပျောက်၏။

(၅) ကြက်သွန်ဖြူဥတစ်လုံးကို မီးဖုတ်ကျွေးခြင်းဖြင့် ကလေးများ လေဆန်နာပျောက်၏။

(၆) ကြက်သွန်ဖြူအရည်ကို ရေအနည်းငယ်နှင့် သကြားရောပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် တိုက်ပေးက ကြက်ညှာ ချောင်းဆိုးပျောက်၏။

(၇) ကြက်သွန်ဖြူဆီကို တစ်ကြိမ်လျှင် နှစ်စက်မျှ တစ်နေ့သုံးကြိမ် သောက်ခြင်းဖြင့်၊ လည်ပင်းတွင် လိမ်းပေးခြင်းဖြင့် လည်ပင်း ကြီးရောဂါပျောက်၏။

(၈) ကြက်သွန်ဖြူရည်ကို ဆားနှင့်ရောသောက်ခြင်း၊ ကြက်သွန်ဖြူကို ကြိတ်၍ နားထင်တွင် လိမ်းပေးခြင်းဖြင့် ခေါင်းကိုက်ပျောက်၏။

(၉) ကြက်သွန်ဖြူသည် ရောဂါပိုးများကို သတ်နိုင်သော စွမ်းရည်သတ္တိရှိသဖြင့် ကြက်သွန်ဖြူကို အဆုတ်ရောဂါ၊ အရိုးထိအောင် စားတတ်သော အနာရောဂါများ ကုသရာတွင်လည်း အသုံးပြုသည်။

(၁၀) အကြောအခြင်ကိုက်ခဲခြင်းအတွက် ကြက်သွန်ဖြူအရည်ဖြင့် ပွတ်လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေ၏။

(၁၁) နှမ်းဆီငါးကျပ်သားတွင် ကြက်သွန်ဖြူအနည်းငယ်၊ လေးညှင်း နှစ်ပွင့်ခန့် ထည့်ပြုတ်၍ နားတွင် ပူပူနွေးနွေးထည့်ပေးခြင်းဖြင့် နားပြည်ယို၊ နားကိုက်၊ နားထိုင်းပျောက်ကင်း၏။

(၁၂) ကြက်သွန်ဖြူကို ရာသီထိမ်ခြင်း၊ အနာဝင်ခြင်းနှင့် ဒူလာ ရောဂါများကုသသော ဆေးများတွင်လည်း ထည့်သွင်းအသုံးပြု၏။

(၁၃) ကြက်သွန်ဖြူကို အမှုန့်ပြု၍ ပျားရည်ဖြင့်စိမ်ပြီး အိပ်ရာဝင်ချိန်တွင် လက်ဖက်ရည်ဇွန်း တစ်ဝက်ခန့်ကို ရေတစ်ခွက်နှင့် သောက်ခြင်းဖြင့် အိပ်ပျော်စားဝင် အားအင်ပြည့်ဖြိုးစေပါသည်။

ကြက်သွန်ဖြူဟာ နှင်းပန်းမျိုးရင်း (Liliaceae) ဖြစ်ပြီး ရုက္ခဗေဒ အမည်က (Allium Stivum Linn)ဖြစ်ပါတယ်။ ဒီလောက် ဆေးဖက်ဝင်တဲ့ ကြက်သွန်ဖြူဟာ ကျွန်တော်တို့အားလုံးရဲ့ မီးဖိုချောင်ထဲမှာ အမြဲရှိနေလို့ ဉာဏ်ရှိသလို သုံးနိုင်တာမို့ မိသားစုဆရာဝန် ဒါမှမဟုတ် မီးဖိုချောင်သမားတော်လို့ခေါ်ပြီး နေအိမ်ပတ်ဝန်းကျင်မှာ မြေကွက်လပ် ကြီးကြီး၊ သေးသေး တစ်ပိုင်တစ်နိုင် စိုက်ထားရင် ရောဂါအမျိုးမျိုး အတွက် ကာကွယ်ဆေးရှိနေပြီမို့ စိတ်ထဲမှာ လုံခြုံနေမှာပါ။ ။

တစ်ကမ္ဘာလုံး ကြက်သွန်ဖြူအသုံးပြုပုံများကို လေ့လာစုစည်းမိပါသည်။ ဘက်တီးရီးယားပိုးသတ်ဆေး၊ မှိုပိုးသတ်ဆေး၊ ဗိုင်းရပ်စ် ပိုးသတ်ဆေးများအဖြစ် လည်းကောင်း၊ သွေးတိုးကျဆေး၊ သွေးအတွင်းရှိ ကိုလက်စထရော ချဆေး၊ သွေးကြောရောဂါများ အတွက် ဆေးအဖြစ် လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်များအတွက်လည်းကောင်း၊ ဆီးချို ရောဂါအတွက်လည်းကောင်း၊ အအေးမိ၊ နှာစေး၊ ချောင်းဆိုးအတွက် လည်းကောင်း၊ အစာအိမ်ရောဂါများအတွက်လည်းကောင်း၊ နှလုံးရောဂါ ကာကွယ် ဆေးအဖြစ်လည်းကောင်း၊ ကင်ဆာရောဂါ ကာကွယ်ဆေးအဖြစ်လည်းကောင်း၊ ဓာတ်တိုး ဆန့်ကျင်ပစ္စည်းအဖြစ် လည်းကောင်း အသုံးပြုသည်များကို တွေ့ရပါ သည်။

ဇွန် ၉ ရက်က အရှေ့တောင်အာရှ သုံးနိုင်ငံ အလည်အပတ်ခရီးစဉ်၏ ပထမ ခရီးတစ်ထောက်အဖြစ် စင်ကာပူနိုင်ငံသို့ ဂျပန်ဘုရင် အာကီဟီတို ရောက်ရှိလာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား အက်ဖ်-၁၅ ကေ ဂျက်တိုက်လေယာဉ်ပျက်ကျ

ဆိုးလ် ဇွန် ၉

တောင်ကိုရီးယား အက်ဖ်-၁၅ ကေ ဂျက်တိုက်လေယာဉ်တစ်စင်းသည် ဇွန် ၇ ရက်ညက လေယာဉ်လေ့ကျင့်ပျံသန်းနေစဉ် ပျောက်ဆုံးသွားကြောင်းနှင့် အရှေ့ဘက်ပင်လယ်တွင် ပျက်ကျသွားသည်ကို ရှာဖွေတွေ့ရှိကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနနှင့် လေတပ်က ဇွန်လ ၈ ရက်တွင် အတည်ပြုပြောကြားသည်။

ထွက်ခွာ

အက်ဖ် -၁၅ ကေ ဂျက်တိုက်လေယာဉ်သည် ည ၇ နာရီ ၄၅ မိနစ်တွင် ဒေဂူးလေကြောင်း အခြေစိုက်စခန်းမှ ထွက်ခွာသွားပြီးနောက် ရေဒါမှ ရုတ်တရက် ပျောက်ကွယ်သွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနနှင့် လေတပ်က ဖော်ပြသည်။

ဆိုးလ်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၅၀ အကွာရှိ ပိုဟန်မြို့ အရှေ့ဘက်ပင်လယ်ကမ်းခြေ၌ ဂျက်တိုက်လေယာဉ်၏ အပျက်အစီးများကို ရှာဖွေနေသော ရေတပ်ရှာဖွေရေးတပ်ဖွဲ့က ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း၊ လေယာဉ်မှူးနှစ်ဦးမှာလည်း ယခုထက်တိုင် ပျောက်ဆုံးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနနှင့် လေတပ်က ပြောကြားသည်။

လေယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို တောင်ကိုရီးယားနိုင်ငံ လေတပ်နှင့် ဘိုးရိန်း ကုမ္ပဏီတို့ပူးပေါင်းစုံစမ်းစစ်ဆေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျူးဘားကိုယ်စားလှယ်အဖွဲ့ ဂျာမနီသို့ ရောက်ရှိ

မြူးနစ် ဇွန် ၉

ဘောလုံးကစားနည်း ပညာရပ်ကို ဆည်းပူးရယူနိုင်ရေးအတွက် ဘောလုံးလေ့ကျင့်ရေး သင်တန်း၌ ပါဝင်တက်ရောက်နိုင်ရန်နှင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပပုံကို လေ့လာနိုင်ရန် ကျူးဘားအစိုးရက ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်လိုက်ကြောင်း ဇွန် ၈ ရက် အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ကျူးဘားကိုယ်စားလှယ်အဖွဲ့ကိုကျူးဘား ဘောလုံး အဖွဲ့ချုပ် အကြီးအကဲ ဝီလီယံ ဘန်းနက်က ဦးဆောင်သည်။

အင်တာနက်

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ လူနှစ်ဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ ဈေးတစ်ဈေး၏ အပြင်ဘက်တွင် ရပ်ထားသည့် မော်တော်ယာဉ်တစ်စီးတွင်တပ်ဆင်ထားသောဗုံးတစ်လုံး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲသဖြင့် လူနှစ်ဦးသေဆုံးပြီး ၁၂ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

အီရတ်နိုင်ငံ အနောက်မြောက်ပိုင်းဒေသရှိ ရှီးယိုက်လူမျိုး အများစုနေထိုင်သည့် ရှုလာမြို့၏ ဈေးတစ်ဈေးတွင် အဆိုပါ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

ဧပြီလ ၁၃ ရက်ကလည်း ယင်းဒေသတွင် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် လူ၁၅ ဦး သေဆုံးခဲ့ရသည်။

ဘဂ္ဂဒက်မြို့တော် အလယ်ပိုင်း အရက်ဆိုင်တစ်ဆိုင်တွင်လည်း ဗုဒ္ဓဟူးနေ့စောစောပိုင်းက ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် အီရတ်အရပ်သားတစ်ဦးသေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေး သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင်သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၂၄၉၂ ဦးရှိပြီ

ဝါရှင်တန် ဇွန် ၁၀

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ် မတ်လ စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုနှစ် ဇွန် ၉ရက်အထိ ၂၄၉၂ဦးထက်မနည်းရှိကြောင်း အေပီသတင်းဌာနက ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်တွင်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေအနက် ၁၉၆၀ ထက်မနည်းမှာ ခုခံတိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့် သေဆုံးခြင်းဖြစ်ကြောင်း အဆိုပါလေ့လာချက်စစ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရှန်ဂရီလာဆွေးနွေးပွဲ ကျင်းပပြီးစီး

စင်ကာပူ ဇွန် ၉

စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အာရှဒေသလုံခြုံရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသူများက အာရှ-ပစိဖိတ်ဒေသ နိုင်ငံများအတွင်း လုံခြုံရေးဌာနတစ်ရပ်ထူထောင်ပြီး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ပိုမိုလက်တွေ့ပြုလုပ်သွားရန် တိုက်တွန်းနှိုးဆော်လိုက်ကြောင်း ကြာသပတေးနေ့ ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အာရှပစိဖိတ်ဒေသ၊မြောက်အမေရိကဒေသ၊ ဥရောပဒေသနှင့် အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဗြိတိန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ကာကွယ်ရေးဝန်ကြီး များ၊ စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရှင် ၂၅၀ခန့်တို့ အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့ကြပြီး နှစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးကို ရှန်ဂရီလာဆွေးနွေးပွဲဟူ၍ အများက သိရှိထားကြသည်။ အာရှဒေသတွင်း စီးပွားရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်ရေး အရေးကြီးပုံကို စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ် လက်ဖက်လုပ်ငန်း အခက်အခဲများနှင့် ကြုံတွေ့နေ

ဒါကာ ဇွန် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ဖက်လုပ်ငန်းသည် အခက်အခဲပေါင်း များစွာနှင့် ရင်ဆိုင်နေရကြောင်း၊ လက်ဖက်တင်ပို့မှုလုပ်ငန်းဝင်ငွေမှာလည်းကျဆင်းလျက်ရှိကြောင်း ယူအင်ဘီပုဂ္ဂလိက သတင်းဌာနက ဇွန်လ ၅ ရက်တွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ဖက်ခြံ ၁၆၂ ခြံရှိကြောင်း၊ အဆိုပါ ခြံများတွင် စုစုပေါင်း စိုက်ပျိုးမြေ ဟက်တာ ၁၁၄၉၁၂ ရှိကြောင်း၊ ထိုစိုက်ပျိုးမြေများအနက် ဟက်တာ ၅၂၂၀၁ တွင်သာ ယခုအခါ လက်ဖက်စိုက်ပျိုးနိုင်ပြီး ကျန်ဟက်တာများမှာ စိုက်ပျိုးဖြစ်ထွန်းမှုမရှိကြောင်း စာရင်းအင်းဌာနက ဖော်ပြသည်။

ရာသီဥတု သင့်တင့်မျှတမှု မရှိခြင်းနှင့် လက်ဖက်ခြံများကို ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးမှုကောင်းမွန်အောင် မပြုလုပ်နိုင်ခြင်းကြောင့် လက်ဖက်ထွက်ရှိမှုတွင် ဟန့်တားမှု ဖြစ်နေကြောင်း လက်ဖက်လုပ်ငန်းက ပြောကြားသည်။ ထို့အပြင် လက်ဖက်ရွက်များ မကြာခဏ ကြွေကျခြင်းနှင့် ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာမှုကြောင့် လက်ဖက်ထွက်ကုန် လုပ်ငန်းတွင် အနှောင့်အယှက် ဖြစ်လျက်ရှိသည်။ လက်ဖက်အထွက်နည်းသည့်အတွက် ပြည်ပပို့ကုန်မှာ ကျဆင်းခဲ့ပြီး ပြည်တွင်းဝယ်လိုအား များပြားလာမှုကို ဖြည့်ဆည်းနိုင်မှု နည်းပါးနေကြောင်း လက်ဖက်လုပ်ငန်းက ပြောကြားသည်။

ပြည်တွင်း လက်ဖက်သုံးစွဲမှု နှုန်းသည် နှစ်စဉ် ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသော်လည်း လက်ဖက်အထွက်မှာ ၁ ဒသမ ၅ ရာခိုင်နှုန်းမျှသာ မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ဂျာမန်အလှမယ်တစ်ဦးက ဆံပင်ပုံစံသစ်တစ်မျိုးကို သရုပ်ပြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ဖူကျန်းပြည်နယ် ဝူယီရှန်မြို့ လေဆိပ်သို့အဆင်းတွင် ပြေးလမ်းချော်သွားသည့် ဘိုးအင်း-၇၃၇ လေယာဉ်တစ်စင်းကို ဇွန် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တန်ဖိုးမြင့်တက်လာ

ပေကျင်း ဇွန် ၉

တရုတ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တန်ဖိုးသည် ကနဦး ခန့်မှန်းခဲ့သည်ထက် အမေရိကန် ဒေါ်လာ ၁၂ ဘီလီယံ ပိုမိုကျော်လွန်ကာ ၇၂ ဒသမ ၄၁ ဘီလီယံအထိ ရှိကြောင်း ၂၀၀၅ ခုနှစ်အတွက် အက်ဖ်ဒီအိုင် ခန့်မှန်းချက်နှင့် ပတ်သက်၍ တရုတ်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တန်ဖိုးသည် နှစ်အလိုက်နှိုင်းယှဉ်ချက် အရ၁၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

အင်တာနက်။

အင်ဂိုလာနိုင်ငံရှိ ရေနံချက်စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြံမှ လျှပ်စစ်ဓာတ်အားထုတ်ယူမည်

ဒါကာ ဇွန် ၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိနေသည့် သကြားစက် ၁၅ ခုမှ သကြားထုတ်လုပ်မှုနှင့်အတူ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့်ပတ်သက်သည့် အစီအစဉ်များ အမြန်ဖော်ဆောင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စွမ်းအင် ကျွမ်းကျင်သူများက တိုက်တွန်းထားပြီး အဆိုပါသကြားစက်များက ကြံအမျှင်များကို အခြေခံပစ္စည်းအဖြစ် အသုံးပြုကာ မဂ္ဂါဝပ် ၂၀၀ နီးပါးရှိ လျှပ်စစ်ဓာတ်အားကို ထုတ်ယူနိုင်ကြောင်း ပြောကြားလိုက်သည်။

ကြံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် တစ်ယူနစ်၏ တန်ဖိုးသည် ၁ ဒသမ ၅ တာကာ ကုန်ကျမည်ဖြစ်ကြောင်း၊ စက်ရုံကထုတ်သည့် ဒီဇယ်ဆီ၏တန်ဖိုးသည် တစ်ယူနစ်လျှင် ရှစ်တာကာမှ ၁၀ တာကာအထိ ကုန်ကျကြောင်း ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်ဆိုင်ရာကျွမ်းကျင်သူ ကစ်ဖက်ဇ်လာရာမန်၏ ပြောကြားချက်ကို ကိုးကား၍ သည်အင်ဒီပင်းဒင့်သတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။

အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အနောက်မြောက်ပိုင်း လောင်စာစွမ်းအင်လိုအပ်မှုရှိနေသည့် ဒေသအတွက် သကြားစက်များသည် လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်သည့် လောင်စာစွမ်းအင် အရင်းအမြစ်များပင်ဖြစ်ကြောင်း ရာမန်က ပြောကြားသည်။ သကြားချက်လုပ်သည့် စက်ရုံ ၁၅ ခု ယင်းဒေသတွင် တည်ဆောက်ပြီးနောက် ယင်းစက်များတွင် အင်ဂျင်နီယာအတတ်ပညာဖြင့် အနည်းငယ်ပြန်လည်တည်ဆောက်ပြီး ငွေကြေးအတန်အသင့် အကုန်အကျခံကာ လျှပ်စစ်ဓာတ်အားထုတ်နိုင်သည့် ယူနစ်များ ပူးတွဲတပ်ဆင် အသုံးပြုနိုင်ကြောင်း ၎င်းကပြောကြားသည်။

ယင်းသို့ ပူးတွဲထုတ်လုပ်သွားခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်အနေဖြင့် တာကာ လေးဘီလီယံနီးပါး ချွေတာနိုင်ပြီး ဒီဇယ်ဆီကို စက်ရုံလည်ပတ်ရန်အတွက်သာ ပြည်ပမှ ဝယ်ယူတင်သွင်းမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အရီဇိုးနားသဲကန္တာရအတွင်း လမ်းပျောက်နေသူရှစ်ဦး ဆဲလ်ဖုန်းဖြင့်ဆက်သွယ်ကာ သေဘေးမှလွတ်မြောက်ခဲ့

မက္ကဆီကိုစီးတီး ဇွန် ၉

ပူပြင်းခြောက်သယောင်းနေသည့် အရီဇိုးနားသဲကန္တာရအတွင်းသောင်တင်နေပြီး သေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ကြုံတွေ့နေရသည့် တရားမဝင်ခိုးဝင်သူအုပ်စုတစ်စုသည် ဆဲလ်ဖုန်းများအသုံးပြုကာ ကယ်ဆယ်ရေးဌာနများသို့ ဆက်သွယ်အကြောင်းကြားပြီးနောက် သေဘေးမှလွတ်မြောက်ခဲ့ကြောင်း အမေရိကန်နယ်စပ်ကင်းအဖွဲ့က ပြောကြားသည်။

မက္ကဆီကိုနိုင်ငံသား ရှစ်ဦးပါဝင်သည့် ၎င်းအုပ်စုကို ခရီးလမ်းညွှန်သူများက ဦးဆောင်၍ မက္ကဆီကိုနိုင်ငံမှ နယ်စပ်ဖြတ်သန်းသည့် လမ်းကြောင်းသို့ နှစ်ရက်ကြာခရီးသွားခဲ့ပြီးနောက် စွန့်ခွာခဲ့ရာမှ ၎င်းအုပ်စုသည် လမ်းပျောက်ဆုံးခဲ့ရပြီး ဗုဒ္ဓဟူးနေ့ စောစောပိုင်းတွင် ဆဲလ်ဖုန်းများအသုံးပြုကာ အကူအညီတောင်းခံခဲ့ကြခြင်းဖြစ်သည်။

ကယ်တင်ခဲ့

မျက်စိလည် လမ်းမှားပြီး အစာရေစာမရှိဖြစ်နေကြသည့် ၎င်းအုပ်စုက ဆဲလ်ဖုန်းများဖြင့် နံပါတ် ၉၁၁ သို့ အကူအညီ တောင်းခံခဲ့ကြခြင်းဖြစ်သည်။ ကယ်ဆယ်ရေးလုပ်သား များက ရဟတ်ယာဉ်များဖြင့် သွားရောက်ကာ အရုဏ်မတက်မီအချိန်တွင် ၎င်းအုပ်စုကို တွေ့ရှိကယ်တင်ခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန်နယ်စပ် ကင်းအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။

ခိုးဝင်

အမေရိကန်ပြည်ထောင်စုသို့ ရောက်ကြည့်ရာမြက်နုရာ ဘဝသစ် ထူထောင်လိုသူ မက္ကဆီကိုနိုင်ငံသားတို့က ဖော်ပြပါ အရီဇိုးနား သဲကန္တာရလမ်းကြောင်းကို အများဆုံးအသုံးပြု၍ အမေရိကန်နိုင်ငံအတွင်း ခိုးဝင်နေကြခြင်းဖြစ်သည်။ ယင်းသဲကန္တာရမြောက်ပိုင်းမှခိုးဝင်ကြသူ ၂၆၀ ခန့်သည် လွန်ခဲ့သည့်နှစ်အတွင်းက သေဆုံးခဲ့ကြသည်။ ယင်းသဲကန္တာရတွင် အပူချိန်သည် ၁၂၀ ဒီဂရီ ဖာရင်ဟိုက်အထိ ပူပြင်းလှသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ နိုင်ငံတကာ သတင်းများ

ဈေးချိုသည့် မော်တော်ယာဉ်များ တရုတ်ဈေးကွက်တွင်ရောင်းအားတက်

ပေကျင်း ဇွန် ၉

တရုတ်နိုင်ငံတွင် ယခုနှစ်ပထမ ငါးလအတွင်း ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းပြီး စီးပွားရေး အရ ဈေးနှုန်းချိုသာသည့် မော်တော်ယာဉ်များ အရောင်းအတွင်ကျယ်ဆုံးဖြစ်နေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ မော်တော်ယာဉ်များ ရေပန်းစားပြီး အရောင်းရ တွင်ကျယ်လာခဲ့ခြင်းသည် ရေနံဈေးနှုန်းများ အဆမတန် မြင့်မားလာမှုနှင့် လေထုညစ်ညမ်းစေသော ဓာတ်ငွေ့များ ထုတ်လွှတ်မှုနည်းသည့် မော်တော်ယာဉ်များ အပေါ် တရုတ်အစိုးရက ကြိုက်နှစ်သက်သည့် မူဝါဒတို့ကြောင့် ဖြစ်သည်။ တီယန်ကျင် အမ်ဖ်အေဒဗလျူမော်တော်ယာဉ် ကုမ္ပဏီက ထုတ်လုပ်သည့် ကျာလီအမည်ရှိ မော်တော်ယာဉ်သည် ဓာတ်ငွေ့ အထုတ်နည်းသဖြင့် ရေပန်းစားကာ အရောင်း တွင်ကျယ်သည့် မော်တော်ယာဉ်များဖြစ်လာပြီး ယာဉ်စီးရေ ၈၁၃၀၀ ရောင်းရကာ ယခုနှစ်ပထမငါးလအတွင်း အရောင်းရဆုံး စာရင်းဝင်ယာဉ်များ ဖြစ်လာခဲ့သည်။ ပေကျင်း ဟွန်ဒိုင်းကုမ္ပဏီက ထုတ်လုပ်သည့် အလက်ထရာ မော်တော်ယာဉ်သည် စီးရေ ၇၃၉၀၀ ဖြင့် ဒုတိယ အရောင်းရဆုံး စာရင်းဝင်ဖြစ်သည်။

တရုတ်နိုင်ငံတွင် အရောင်းရဆုံး မော်တော်ယာဉ် ၁၀မျိုးတွင် မော်တော်ယာဉ်ငါးမျိုးသည် ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းပါးသည့် ယာဉ်များဖြစ်သည်။ သို့ရာတွင် ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားသည့် ဇိမ်ခံ မော်တော်ယာဉ်များ ရောင်းချမှုပမာဏသည်လည်း ထူးထူးခြားခြား မြင့်မားလာခဲ့သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူကရိန်းနိုင်ငံ ပင်လယ်နက်ဒေသရှိ ဆီဗက်စတိုပိုလ်မြို့တွင် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်ခြင်းဆိုင်ရာ လေ့ကျင့်မှုတစ်ရပ် ပြုလုပ်နေသော အမေရိကန် အာကာသယာဉ်မှူး ဒန်တန်နီအား ဇွန် ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံတွင် ယာဟူးကုမ္ပဏီရင်းနှီးမြှုပ်နှံ

ဆိုးလ် ဇွန် ၉

ကမ္ဘာ့အင်တာနက်ကုမ္ပဏီဖြစ်သော ယာဟူးကုမ္ပဏီသည် တောင်ကိုရီးယားနိုင်ငံရှိ အီးကောမာ့စ်ကုမ္ပဏီဖြစ်သည့် ဂမာကက်အင်ကော်ပိုရိတ်တက်၏ အစုရှယ်ယာများကို ဝယ်ယူမည်ဖြစ်ကြောင်း ဇွန် ၈ရက်က ထုတ်ပြန်ကြေညာသည်။ ယာဟူးကုမ္ပဏီသည် ဂမာကက်အင်ကော်ပိုရိတ်တက်ကုမ္ပဏီ၏ အစုရှယ်ယာ ၁၀ ရာခိုင်နှုန်းကို ဝယ်ယူရန်သဘောတူညီခဲ့သည်။ ***အင်တာနက်။***

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီတွင် မိုက္ကရိုဆော့ ကွန်ပျူတာဂိမ်းသစ် ကြော်ငြာနေသူနှစ်ဦးကို ဇွန် ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မိုဘိုင်းလ်ဖုန်းဈေးကွက် အိန္ဒိယ၌ ဖွံ့ဖြိုးလာမည်

နယူးဒေလီ ဇွန် ၉

အိန္ဒိယနိုင်ငံရှိ မိုဘိုင်းလ်ဖုန်းဈေးကွက်သည် ကြီးကြီးမားမား တိုးတက်ဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း၊ မော်တာရိုလာကုမ္ပဏီသည် အိန္ဒိယနိုင်ငံတွင် စက်ရုံခွဲတစ်ရုံကို တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၉ ရက်တွင် ပြောကြားသည်။

မော်တာရိုလာကုမ္ပဏီသည် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့အနီးရှိ ဆရီပါရွန်ဘူဒါမြို့တွင် စက်ရုံတစ်ရုံတည်ဆောက်နိုင်ရန် ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

နိုင်ငံတကာ ဆက်သွယ်ရေးကုမ္ပဏီဖြစ်သော မော်တာရိုလာကုမ္ပဏီသည် ဆရီပါရွန်ဘူဒါမြို့တွင် စက်ရုံတည်ဆောက်နိုင်ရန် အကျယ်အဝန်း ၂၈ ဟက်တာရှိ မြေနေရာကို ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ရန် ကနဦးရင်းနှီးမြှုပ်နှံမှုအဖြစ် ဒေါ်လာ သန်း ၃၀ အသုံးပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အင်တာနက်။

ဒုံးခွင်းဒုံးကာကွယ်ရေး အမေရိကန်နှင့် ဂျပန် သဘောတူညီ

ဝါရှင်တန် ဇွန် ၉

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒုံးခွင်းဒုံးကာကွယ်ရေး စနစ်သုံး ဒုံးပျံကိုးစင်းကို ဂျပန်နိုင်ငံသို့ ရောင်းချပေးရန် အမေရိကန်ကာကွယ်ရေးဌာနက ဇွန် ၉ ရက်တွင် သဘောတူညီလိုက်ကြောင်း ပင်တဂွန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ဒုံးခွင်းဒုံး ကာကွယ်ရေးစနစ်သုံး ဒုံးပျံများ ရရှိခြင်းဖြင့် တိုက်ချင်းပစ်ဒုံးပျံ ဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။ ယင်းသို့ ရောင်းချပေးမည့် ဒုံးပျံအမျိုးအစားမှာ SM-3 Block 1A Standard ဖြစ်ကြောင်း၊ အမေရိကန်အစိုးရက သဘောတူညီပြီးဖြစ်သော်လည်း ကွန်ဂရက်လွှတ်တော်၏ သဘောတူညီချက်ကို ရယူရန်လိုအပ်နေကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

ဘိုးဘွားရိပ်သာမှ အသက်(၁၀၄)နှစ်ပြည့် ဘွားအေးမေ

သတင်းဆောင်းပါး – ဓာတ်ပုံ သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ ဘွားအေးမေ၏ အသက်(၁၀၄)နှစ်ပြည့် မွေးနေ့ကို ဇွန် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းတိုတစ်ပုဒ်ကို ဖတ်မိရာမှ ဘိုးဘွားရိပ်သာအကြောင်းကို စိတ်ဝင်စားမိခဲ့သည်။ သို့ဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ တာဝန်ရှိသူများထံ သွားရောက်ပြီး သိလိုသမျှကို မေးမြန်းခဲ့ရာ

အသက်(၁၀၄)နှစ်ရှိပြီဖြစ်သော်လည်း ဖေးကူသူမပါဘဲ လမ်းလျှောက်နိုင်သေးသည့် ဘွားအေးမေ။

ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံမှ ဘိုးဘွားရိပ်သာ၏ လုပ်ငန်းဆောင်တာအဝဝ အကြောင်းနှင့် အသက်(၁၀၄)နှစ်ပြည့် မွေးနေ့ကျင်းပမည့် ဘွားသက်ရှည် ဒေါ်အေးမေ၏ အတ္ထုပ္ပတ္တိတို့ကိုပါ သိရှိခွင့်ရရှိခဲ့သည်။

လက်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ မူလအစမှာ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်းရပ်ကွက်၌ စတင်ခဲ့သည်။ မူလအစ သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာကို မန္တလေးမြို့ဇာတိ ပိုးကုန်သည် အဘွား ဒေါ်ဦးဇွန်းက ၁၉၃၃ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး ထိုစဉ်က ဒေါ်ဦးဇွန်းလူအိုရုံဟု ခေါ်တွင်လာခဲ့ပြီး နောင်တွင် နှင်းဆီကုန်းလူအိုရုံဟု ခေါ်တွင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် အဘွား ဒေါ်ဦးဇွန်း မင်းကွန်းသို့ ပြောင်းရွှေ့သွားရာမှ ၎င်းလူအိုရုံမှာ ပျက်လုနီးပါး ဖြစ်သွားခဲ့ရသည်။

ထိုအခြေအနေမှ ၁၉၄၃ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် မြန်မာ့အလင်း ဦးတင်က ဦးဆောင်ပြီး လူအိုရုံကို ပြန်လည်တည်ထောင်ခဲ့ကာ ၁၉၅၂ခုနှစ် မတ် ၂၃ရက်တွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာဟူသောအမည်သို့ ပြောင်းလဲခဲ့သည်။ ယခုလက်ရှိနေရာ အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ်သို့မှ ၁၉၅၆ခုနှစ် ဧပြီ ၃၀ရက်တွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ရိပ်သာအမည်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာဟု ဆက်လက်ခေါ်တွင်ခဲ့သည်။ လက်ရှိနေရာတွင် နှစ်(၅၀)ကျော်ခဲ့ပြီဖြစ်ပြီး ရိပ်သာအဆောက်အအုံများလည်း စည်ပင်တိုးပွားလာခဲ့ပြီဖြစ်သည်။ အလှူရှင်များ၏ လှူဒါန်းမှု၊ စေတနာသဒ္ဓါတရား ထက်သန်မှုကြောင့် စားဝတ်နေရေး၊ ကျန်းမာရေး၊ ဘာသာရေးမှအစ ဘိုးဘွားများကို ဘက်စုံထောင့်စုံ လိုလေသေးမရှိ ပြုစုစောင့်ရှောက်လာနိုင်ခဲ့ပြီဖြစ်သည်။

ဘိုးဘွားများ၏ စိတ်ပျော်ရွှင်ကျန်းမာရေးအတွက်ပါ ဘိုးဘွားရိပ်သာတွင်း၌ စာကြည့်တိုက် ဖွင့်လှစ်ပေးထားပြီး သတင်းစာနှင့် စာစောင်များ၊ ရုပ်မြင်သံကြား၊ ရေဒီယိုများ ထားရှိပေးထားသည်။ အခါအားလျော်စွာ ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်းအပြင် သက်သာစားသောက်ဆိုင်ပါ ဖွင့်လှစ်ထားကြောင်း သိရသည်။

နှစ်စဉ် နှစ်ဆန်း ၁ ရက်နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တိုင်း ဘိုးဘွားပူဇော်ကန်တော့ပွဲနှင့် အပြန်အလှန် အပြစ်ဖြေပွဲများ ကျင်းပပေးခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆီမီးတစ်ထောင်ပူဇော်ပွဲ၊ ပဌာန်းပူဇော်ပွဲများ ကျင်းပပေးရုံမျှမက ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများသို့ ပို့ဆောင်ပေးပြီး လှည့်လည်ဖူးမြော်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါနှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အသက်(၈၀)မှ (၈၉)နှစ်အထိ ဘိုးဘွား ၁၀၆ ဦး၊ အသက်(၉၀)မှ (၉၉)နှစ်အထိ ဘိုးဘွား ၁၈ဦးနှင့် အသက်(၁၀၀)အထက် အဘွားနှစ်ဦးအပါအဝင် စုစုပေါင်းဘိုးဘွား ၂၄၀ တို့ကို ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

ရိပ်သာရှိ ဘိုးဘွားများအနက်မှ အဘွားများတွင် အသက်အကြီးဆုံးဖြစ်သော အဘွား ဒေါ်အေးမေ၏ (၁၀၄) နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားကို ဇွန် ၁၂ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဘွားအေးမေမှာ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ဇာတိဖြစ်ပြီး အဘ ဦးဘ(မြေတိုင်းဝန်ထောက်)နှင့် အမိ ဒေါ်သဲငွေတို့၏ သားသမီးသုံးဦးအနက် ဒုတိယသမီးဖြစ်သည်။ နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ အသက်(၇၇)နှစ်အရွယ် ၁၉၇၉ခုနှစ် ဧပြီ ၂ ရက်တွင် စတင်ရောက်ရှိလာခဲ့ရာ ရိပ်သာတွင် နေထိုင်သည့် သက်တမ်း ၂၇နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

အဘွား၏ ဓလေ့စရိုက်နှင့်စပ်လျဉ်း၍ ရိပ်သာမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာတွင် အဘွားသည် အေးချမ်းစွာ နေထိုင်လေ့ရှိသူဖြစ်ကြောင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဂရုပြုပြီး သပ်ရပ်သန့်ရှင်းစွာ ဝတ်ဆင်နေထိုင်တတ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည့်အလျောက် ဘုရား၏ဂုဏ်တော်၊ ဘုရားရှိခိုးနှင့် သမ္ဗုဒ္ဓေ ဂါထာတို့ကို ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိပြီး လက္ခဏာရေး သုံးပါးကို ဆင်ခြင်၍ ပုတီးစိပ်လေ့ရှိကြောင်း၊ အတူနေ အဘွားများနှင့် တာဝန်ရှိဝန်ထမ်းများက မိခင်ကြီးသဖွယ် ပြုစုစောင့်ရှောက်ပေးကြကြောင်း သိရသည်။

အဘွားသည် အသက်အကြီးဆုံး အဘွားအနေဖြင့် စေတနာရှင်များလှူဒါန်းသည့် အလှူငွေများကို ခြိုးခြံချွေတာ သုံးစွဲ၍ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းလေ့ရှိပြီး ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊တန့်ကြည့်တောင် ဝိပဿနာ(ရန်ကုန်)တို့တွင် ကျောင်းဆောက်ခြင်း၊ လမ်းပြင်ခြင်း စသည့်အလှူဒါနတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

“ရောက်သူတိုင်း စိတ်ချမ်းသာသည်”ဟူသော နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ ဆောင်ပုဒ်နှင့်အညီ ရိပ်သာသို့ ရောက်ရှိခိုလှုံလာကြသော အဘိုး အဘွားတို့၏ ကျန်းမာပျော်ရွှင်ရေးနှင့် ဘဝနေဝင်ချိန်ကို စိတ်အေးချမ်းမြေ့စွာ ဖြတ်သန်းနိုင်ရေးအတွက် ရိပ်သာဝန်ထမ်းများက အဘက်ဘက်မှ မလစ်ဟင်းအောင် အားထုတ်ကြိုးပမ်းလျက် ရှိနေသည်နှင့်အညီ အသက်ရာကျော် ဘွားသက်ရှည် ဒေါ်အေးမေ၏ မွေးနေ့မင်္ဂလာကိုလည်း ဗုဒ္ဓဘာသာ မင်္ဂလာတရားတော်နှင့်အညီ ကျင်းပနိုင်ရန် စီစဉ်ထားကြောင်း သိရပါသည်။

မော်လမြိုင်မြို့နယ် သမိုင်းဝင် ကျိုက်သလွံ စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဇွန် ၂ ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီးနေ ဦးစိန်ဟော်–ဒေါ်ခင်ဝုက် မိသားစုက ငွေ ကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။

(၃၀၇)

အင် တာ နက် သ တင်း

လျှပ်စစ်သံလိုက် စွမ်းအားသုံး မီးရထားစက်ခေါင်း တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် ထုတ်လုပ်မည်

ပေကျင်း ဇွန် ၁၀

တရုတ်နိုင်ငံသည် လျှပ်စစ်သံလိုက်စွမ်းအားသုံး မီးရထားစက်ခေါင်းထုတ်လုပ်သည့် နည်းပညာကို ဖော်ထုတ်နိုင်ပြီဖြစ်သဖြင့် လျှပ်စစ်သံလိုက်စွမ်းအားသုံး ရထားစက်ခေါင်းကို ပထမဆုံးအကြိမ် တာ့လျံမြို့၌ ထုတ်လုပ်တော့မည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းအဖွဲ့တစ်ဖွဲ့က ဇွန် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

တရုတ်နိုင်ငံသည် Permanent Suspension System(PMS)ဟူ၍ ခေါ်တွင်သော သံလိုက်ရထားတစ်မျိုးကို ထုတ်လုပ်နိုင်ရန် ၁၀နှစ်ကြာမျှ နည်းပညာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါ ရထားစက်ခေါင်းကို ထုတ်လုပ်တော့မည်ဖြစ်ကြောင်း၊ သံလိုက်ရထား ပြေးဆွဲနိုင်ရန် သုံးကီလိုမီတာအရှည်ရှိ အထူးသံလမ်းကို ယခုနှစ်အတွင်း တည်ဆောက်မည်ဖြစ်ကြောင်း၊ PMS သံလိုက်ရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၃၂၀ နှုန်းဖြင့် ခုတ်မောင်းနိုင်မည်ဟု မျှော်လင့်ရကြောင်း ရထားစက်ခေါင်း သုတေသနအဖွဲ့၏ ထိပ်တန်းသိပ္ပံပညာရှင် လီလန်ကျင့်က ပြောကြားသည်။

PMS သံလိုက်ရထားသည် အမြင့်ဆုံးနှုန်းအဖြစ် တစ်နာရီလျှင် ၅၃၆ ကီလိုမီတာဖြင့် ခုတ်မောင်းနိုင်ရန် မိမိတို့ စမ်းသပ်သွားမည်ဖြစ်ကြောင်း၊ PMSသံလိုက်ရထားပုံစံနှစ်မျိုးကို ဒီဇိုင်းထုတ်လုပ်ထားပြီး ပဏာမ စမ်းသပ်ချက်များမှာ အောင်မြင်မှုရှိသည်ကို တွေ့ရှိရကြောင်း လီလန်ကျင့်က ပြောကြားသည်။ **အင်တာနက်။**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဘူတာရုံတွင် ဂျာမန်နည်းပညာသုံး သံလိုက်ရထားတစ်စင်းကို ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တရုတ် သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့သည့် လျှပ်စစ်စက်ခေါင်းသစ်ကို ရှန်ဟိုင်းဘူတာရုံ၌ ဇွန် ၆ ရက်မှ စတင်၍ အသုံးပြုနေပြီဖြစ်သည်။ (ဓာတ်ပုံ–အင်တာနက်)

ကနောင်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၀

ကနောင်အသင်း (ရန်ကုန်)၏ တတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇွန် ၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက် ဆုထူးပန်ဆရာတော် သလ္လာအရှင်ပဏ္ဍိတ (အသင်း၏ ဂုဏ်ထူးဆောင်နာယက)အား အမှူးထား၍ ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံများကို အသင်း ဥက္ကဋ္ဌ ဦးစိုးထွေး ဖုန်း–၂၉၆၃၇၂၊ အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း–၂၄၂၀၇၂၊ တွဲဖက်အတွင်းရေးမှူး ဒေါ်စိန်သန်း ဖုန်း–၂၉၄၂၅၀၊ ဒေါ်ကြည်ကြည်မြင့်(စာရင်းစစ်)ဖုန်း–၇၀၈၃၆၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

(က–ပ)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၆–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ အရာတော်ရေလှောင်တမံ
- ၈:၂၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Say it in English.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ Poraemen**
- ၁၁:၅၅ ၅။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)
- ၁၂:၀၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း “မင်္ဂလာရှိသောနေ့” (နိုင်းနိုင်း၊ နန္ဒာလှိုင်) [ဒါရိုက်တာ–မောင်မောင်ဦး (စနိုးပိုက်)]**
- ၁:၄၀ ၇။ အဆိုပြိုင်ပွဲ
- ၁:၅၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
- ၂:၀၅ ၉။ အကပြိုင်ပွဲ
- ၂:၁၅ ၁၀။ **“အန္တရာယ်ကင်းစေ ဘေးရှင်းစေ” (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ–သက်တင်)**
- ၂:၃၀ ၁၁။ အတီးပြိုင်ပွဲ
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ သံသာချိုအေး(၃၈)ဖြာမင်္ဂလာတေး
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၁၅ ၆။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ Discovery.
- ၆:၅၀ ၁၁။ မရမ်းကုန်းရေထိန်းတံခါး
- ၆:၅၅ ၁၂။ ဘက်စုံဖွံ့ဖြိုးတိုးတက်စည်ပင်ရှမ်းမြောက်ဒေသကျေးလက်တစ်ခွင် (အပိုင်း–၂)
- ၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဖြူစင်မေတ္တာ” (အပိုင်း–၄)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိပြီဆိုရင်” (အပိုင်း–၅၂)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

✻ ဒေသနှင့်ကိုက်ညီမှ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြည်က မိုးမိတ်မြို့နယ်၏ ဒေသဆိုင်ရာ အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန် ရှိသူများက ဌာနအလိုက် စီမံကိန်းလျာထားချက်နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမေးမြန်းပြီး လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က မိတ်ဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မိုးမိတ်မြို့ မြို့မပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်တီအားလည်းကောင်း၊ ပညာရေးဝန်ထမ်းများအတွက် ဝတ်စုံများနှင့် ကျောင်းသုံး စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဦးဖေအေးကျော်အားလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက် တစ်လုံးကို တော်ကိုင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောဦးအားလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မိုးမိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော တိုင်းရင်းသားပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

တိုးတက်ဖြစ်ထွန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် မိုးမိတ်ဒေသသည် စိုက်ပျိုးရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း အောင်မြင်လျက်ရှိပြီး ဒေသဝမ်းစာဖူလုံမှုမှာလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဆက်လက်၍လည်း ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရေး၊ အထူးအထွက်တိုးစပါး ရိတ်သိမ်းချိန်တွင် အနီးပတ်ဝန်းကျင်မှ ဒေသခံတောင်သူများအား ဖိတ်ခေါ်၍ တိုးတက်အောင်မြင်မှုကို ဒေသအတွင်း ဖြန့်ကြက်ဆင့်ပွားသွားရေးတို့ကို ဌာနဆိုင်ရာများက ကွင်းဆင်းစည်းရုံး ဆောင်ရွက်ကြစေလိုကြောင်း။

မိုးမိတ်ဒေသသည် သဘာဝသယံဇာတ ပေါကြွယ်သည့် ဒေသဖြစ်ရာ စီးပွားရေးကဏ္ဍ၌ နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် အဆင့်အထိရောက်အောင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူတို့က တာဝန်သိသိ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း ထိန်းသိမ်းဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

စိုက်ပျိုးသူ အပါအဝင် နိုင်ငံတော်ပါ အကျိုးရှိစေမည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစမ်းသပ်စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်မှ သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးကြရေး မှာကြားလိုကြောင်း။

ဒေသရောက် ဝန်ထမ်းများအနေဖြင့် မိမိဌာနဆိုင်ရာ လုပ်ငန်းများအပြင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကိုပါ လေ့လာဆည်းပူးပြီး မိမိရောက်ရှိရာ ဒေသအတွင်း ဒေသခံ တိုင်းရင်းသားပြည်သူများအား အကြံကောင်း ဉာဏ်ကောင်းများဖြင့် စေတနာထားပြီး လိုအပ်သည်များ တတ်နိုင်သမျှ ပံ့ပိုးကူညီ ဖြည့်ဆည်းပေးကြရန်လိုကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနေကြသော တိုင်းရင်းသားပြည်သူများအား တစ်ဦးချင်း နှုတ်ဆက်အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဆေးရုံရှိ လူနာဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သွားဘက်ဆိုင်ရာဌာနနှင့် ဓာတ်မှန်ခန်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆေးရုံညှော်ခန်းတွင် ကျန်းမာရေးဝန်ထမ်းများအတွက် ဝတ်စုံများကို ဆေးရုံအုပ် ဒေါက်တာမောင်တီထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်လေယာဉ်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် တာဝန်ရှိသူများက မိုးမိတ်လေယာဉ်ကွင်းရှိ လေယာဉ်ပြေးလမ်းမှာ မူလက အရှည်ပေ ၅၁၀၀၊ အကျယ်ပေ ၁၀၀ရှိပြီး ၁၉၈၅ ခုနှစ်အထိ F-27 ဖော်ကာလေယာဉ်များ ဆင်းသက်ခဲ့၍ အဆိုပါလေယာဉ်ကွင်းကို အနောက်ဘက်သို့ ပေ ၂၀၀၀ တိုးချဲ့ရန်နှင့် ကွင်းအကျယ်ကို ပေ ၃၀၀ အထိ တိုးချဲ့ရန် လျာထားချက်များရှိခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုးမိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းနှင့် ပတ်ဝန်းကျင်အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ်မြေခံ တပ်ရင်းများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၂၀၀၀၀ ပျိုးခြံ၌ ကျင်းပသော မိုးမိတ်တပ်နယ်ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြပြီး တပ်နယ်မိသားစုများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင် ၁၀၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့မှ မိုးမိတ်–တွင်းငယ် ကျောက်ချောလမ်း စစ်ဆေးရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ လမ်းတစ်လျှောက်နှင့် လမ်းနှင့် တံတားများ၊ သဘာဝသစ်တောများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာသို့ ရောက်ရှိကြပြီး ပဒါန်းကျေးရွာအုပ်စု မြို့နယ်ခြံစည်းရိုးကြက်ဆူစံပြဧက ၁၀၀ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ကင်းချောင်းတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်–တွင်းငယ် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်အမှတ် (၂၅/၀) ကင်းချောင်းကျေးရွာအနီး၌ အရှည်ပေ ၄၁၀၊ အကျယ် ၁၅ ပေရှိ ဘေလီတံတားအမျိုးအစား ကင်းချောင်းတံတားသို့ ရောက်ရှိကြပြီး ကင်းချောင်းတံတားကြံ့ခိုင်မှုနှင့် ကင်းချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြား၍ လမ်းတစ်လျှောက် အမာခံလမ်းအဖြစ် အဆင့်မြှင့်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တွင်းငယ်ကျေးရွာရှိ သရက်မြိုင်ရိပ်သာသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၄)မှ တာဝန်ရှိသူများက မိုးမိတ်–တွင်းငယ်လမ်း မိုင်တိုင်အမှတ် (၁/၀)မှ (၄၆/၀) အထိ အရှည် ၄၆ မိုင်ကို လမ်းသားအကျယ် ၁၈ပေ၊ လမ်းတာပေါင် အကျယ် ပေ ၄၀ အမာခံလမ်းအဖြစ် ဖောက်လုပ်လျက်ရှိရာတွင် တာပေါင်ဖို့ခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ ခြောက်လက်မထုရှိ ဒု–အခြေခံလွှာ ခင်းကြိတ်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေနှင့် လမ်းပိုင်းတစ်ခုလုံး၌ သစ်သားတံတား ၁၃၂ စင်းနှင့် ဘေလီနှင့် သစ်သားပေါင်းစပ် တံတား တစ်စင်း၊ ကွန်ကရစ်တံတား ၁၂စင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုးမိတ်–တွင်းငယ် လမ်းကို အမာခံလမ်းအဖြစ် ဖောက်လုပ်မှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့မှ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ သတ်မှတ်ကာလအမီ ပြီးစီးအောင် ဆောင်ရွက်သွားရေး၊ လမ်း၏ စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်သွားရေး၊ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားရေးကိစ္စတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တွင်းငယ်ကျေးရွာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး မန္တလေးမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ဝင်းအတွင်း၌ ကျင်းပသည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ရောက်ရှိပြီး ခရေပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက ကံ့ကော်ပင်ကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ခရေပင်ကိုလည်းကောင်း အသီးသီး စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများက မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခြံစည်းရိုးဘေးပတ်လည်၌ ခရေပင် ၆၉ ပင်၊ ကံ့ကော်ပင် ၆၆ ပင်၊ ခရာဝါပင် ၂၃၀ နှင့် ပန်းအိပင် ၂၈၈ ပင် စုစုပေါင်း အရိပ်ရပင် ၁၃၅ ပင်နှင့် ပန်းအလှပင် ၅၁၈ ပင်တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သစ်သီးဝလံပန်းမန်ပြပွဲဝင်းသို့ရောက်ရှိပြီး မင်းဓမ္မလမ်းဘေး သစ်သီးဝလံ ပန်းမန်ပြပွဲဝင်းအပြင်ဘက်၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများက ခြံစည်းရိုးကြက်ဆူပင် အပင် ၁၅၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

● NLD ပါတီမှ

ရပ်စောက်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော တောင်ကြီးမြို့နယ် NLD စည်းရုံးရေးကော်မတီဝင် ဦးဘကြူး၏ နုတ်ထွက်လွှာတွင် ၎င်းသည် ၂၀၀၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် NLD ပါတီသို့ ဝင်ရောက်ခဲ့ကြောင်း၊ စတင်ဝင်ရောက်စဉ်က ပါတီနိုင်ငံရေးကို စိတ်ဝင်စားခဲ့သော်လည်း ယခုအခါ NLD ပါတီ လျှောက်လှမ်းနေသည့် လမ်းကြောင်းမှာ ပါတီနိုင်ငံရေးမဟုတ်ဘဲ ထိပ်တိုက်ရင်ဆိုင်ရေး၊ အစိုးရဆန့်ကျင်ရေးလုပ်ရပ်များကြောင့် NLD ပါတီဝင်အဖြစ် ဆက်လက်မရပ်တည်လိုတော့ကြောင်း၊ NLD ပါတီနှင့်လည်း လုံးဝဆက်သွယ် ပတ်သက်လိုသည့် ဆန္ဒမရှိတော့သဖြင့် NLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ မြို့နယ် စည်းရုံးရေးကော်မတီဝင်အဖြစ်မှလည်းကောင်း မိမိ၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် ဇွန် ၁၀

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ (ဘီအိုစီ) ပိဋကတ်တိုက်ကျောင်းတွင် ဇူလိုင် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဒါယကာ၊ ဒါယိကာမများ ဆွမ်း၊ ဆွမ်းဟင်းများ ချက်ပြုတ်ယူဆောင်လာကြပါရန်နှင့် ဝါဆိုသင်္ကန်းတစ်စုံ ကျပ် ၃၀၀၀ နှုန်းဖြင့် ဆက်ကပ်လှူဒါန်းရန် အသင်းက စီစဉ်ထားသည်။ ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း–၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးကြည် ဖုန်း–၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း–၀၉–၉၉–၂၂၁၇၉၊ ၀၉–၉၉–၇၂၅၇၃၊ ဒေါ်သန်းမြင့် ဖုန်း– ၅၂၆၁၆၈၊ ဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း–၇၀၇၅၁၄၊ ၆၃၈၂၂၅၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း– ၂၂၁၄၁၉၊ ၀၉–၅၁၀၈၃၄၂၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်ထွန်း ဖုန်း–၇၀၉၁၁၄၊ ၀၉–၉၉–၂၆၆၃၀၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးစန်းရွှေ ဖုန်း– ၂၈၂၆၉၃၊ ဘဏ္ဍာရေးမှူး ဦးခင်အောင်တင့် ဖုန်း–၇၀၁၆၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆိုင်ရာ DOT ဆေး တိုက်ကျွေးသူများ သင်တန်းကို ဇွန် ၁၀ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပရာ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဒေါက်တာ ဦးမျိုးဇော် အဖွင့်အမှာစကား ပြောကြားစဉ်။ (၅၀၆)

(11-6)07.P65 1 1/2/32, 6:31 PM

ယနေ့ဆိုလျှင် ကရင်ပြည်နယ်အတွင်း၌ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သာမက နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ပ
ကရင်ပြည်နယ် ဘားအံမြို့သည် မော်လမြိုင်မြို့နှင့် မိုင်၃၀ခန့်သာကွာဝေးပြီး ယခုအချိန်အခါတွင် အချိန်တိုအတွင်း လွယ်လ

စက်ခလုတ်နှိပ် ဖွင့်လှစ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစိုးရကွန်ပျူတာ ကောလိပ် (ဘားအံ) ကမ္ဘည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

❐ **ရှေ့ဖုံးမှ**

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာပြီး မော်လမြိုင်လေဆိပ်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ ဘားအံမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ခရီးစဉ်တစ်လျှောက် လမ်းဘေးဝဲ/ယာတွင် ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ကွင်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ရိပ်သာသို့ ရောက်ရှိကြသည်။

တက်ရောက်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ နံနက် ၉နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ဘားကပ်စံပြကျေးရွာရှိ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီးခင်ကြူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)မှကျောင်းအုပ်ကြီး ဒေါက်တာ သင်းသင်းခိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ၊ အကအဖွဲ့၊ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)၏ ပင်မအဆောက်အအုံသစ်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ သံတမန်များ၊ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့်အတူ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပင်မအဆောက်အအုံသစ်ရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက်အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)ဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဝန်ကြီးဦးသောင်း၊ အစိုးရအဖွဲ့ – အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များက သတ်မှတ်နေရာ အသီးသီး၌နေရာယူကြပြီး ကံ့ကော်ပင်နှင့်ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရကွန်ပျူတာ ကောလိပ်(ဘားအံ) ပင်မဆောင်အတွင်းရှိ ကမ္ဘည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဝန်ကြီး ဦးသောင်းနှင့် တာဝန်ရှိသူများက နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက်အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)၏ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ပင်မဆောင်တတိယထပ်ရှိ ခန်းမဆောင်၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သံတမန်များ၊ လူမှုရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်း

သား ပြည်သူများနှင့် ဆရာဆရာမများ၊ ကျော
"မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"၊ "တည်
အခွင့်အလမ်းများကို ဒေသခံပြည်သူများအားလုံ
နိုင်ကြပါစေ" ဟု ဆုမွန်ကောင်းတောင်းရင်း
ယနေ့ဘားအံအစိုးရကွန်ပျူတာကောလိ
အဆောက်အအုံကြီးကို အောင်မြင်စွာတည်
အတွက် ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်း
အဖြစ် ဘားအံတက္ကသိုလ်၊ ဘားအံအစိုးရနည်းပ
ကွန်ပျူတာ ကောလိပ်တို့သည် တစုတဝေးတ
ခဲ့ပြီဖြစ်ပါကြောင်း။
ယခုလိုသစ်လွင်ခံ့ညားသည့် အဆောက်အ
ပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတ
တက္ကသိုလ်၊ ကောလိပ်များကို အနှစ်သာရအပိ
သည့် တက္ကသိုလ်ကောလိပ်များဖြစ်လာစေ
ကျောင်းသူ ကျောင်းသားများ၏ စဉ်ဆက
ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဖော်ဆေ

ဖန်တီးဖော်ဆောင်

မိဘပြည်သူများအနေနှင့်လည်း မိမိတို့ပြ
နေပြီဖြစ်သည့် ပညာရေးဆိုင်ရာ အခြေခံအဆေ
အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရ
ပေါ်ထွန်းနေစေရအောင် တည်ငြိမ်အေးချမ်း
ကောင်း၊ ရှင်သန်တိုးတက်သည့် စီးပွားရေး
ဖော်ဆောင်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြေ
ဤအရာသည် တစ်ဦးချင်းအတွက်ရော
အတွက်ပါ အလွန်လေးနက်ကျယ်ပြန့်သည့် တ
တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တာဝန်ကျေပွ
သည့် တာဝန်ကျေပွန်မှုများနှင့် မိမိ၏ကောင
နိုင်ငံတော်ကို အင်နှင့်အားနှင့် မနားမနေတည်ဆေ
သဘောထားလည်းဖြစ်ပါကြောင်း။
နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင်
တာဝန်ပိုင်း၊ ပြည်သူအများ၏ တာဝန်ပိုင်း၊ နိုင်ငံ
တာဝန်အသီးသီးရှိပြီးဖြစ်သည့်အတိုင်း ကိုယ်စ
ပဲ့ထမ်း ဟန်ချက်ညီညီ ကျေပွန်ကြရန်အရေ

ကြိုးပမ်းဆောင်ရွက်

ဦးဆောင်ဦးရွက်ပြုသည့် နိုင်ငံတော်အစိ
နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး
ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တို
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦး
ကောလိပ်(ဘားအံ) ပင်မအဆောက်အအုံသ
ပေးကြစဉ်။**

ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်း မူလတန်းကျောင်း ၁၁၅၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၇၇ ကျောင်းနှင့် အထက်တန်းကျောင်း ၃၅ ကျောင်း စုစုပေါင်း စာသင်ကျောင်းပေါင်း ၁၂၈၈ ကျောင်း ရှိလာခဲ့ပြီ။

ကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကိုပါ ထူထောင်ပေးပြီးဖြစ် အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်သည့်အခြေအနေရောက်ရှိနေ

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)ရှိ ကွန်ပျူတာခန်း၊ e.Library၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပြခန်းနှင့် စာသင်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သား ပြည်သူများနှင့် ဆရာဆရာမများ၊ ကျောင်းသူကျောင်း သားများအားလုံး "မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"၊ "တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ဒေသခံပြည်သူများအားလုံး စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနိုင်ကြပါစေ" ဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

ယနေ့ဘားအံအစိုးရကွန်ပျူတာကောလိပ်မှ သစ်လွင်ခံ့ညားသည့် ပင်မအဆောက်အအုံကြီးကို အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်းမှာ တက္ကသိုလ်၊ ကောလိပ်များအဖြစ် ဘားအံတက္ကသိုလ်၊ ဘားအံအစိုးရနည်းပညာ ကောလိပ်နှင့် ဘားအံအစိုးရကွန်ပျူတာ ကောလိပ်တို့သည် တစုတဝေးတည်း ပြည့်ပြည့်စုံစုံ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း။

ယခုလိုသစ်လွင်ခံ့ညားသည့် အဆောက်အအုံများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများနှင့် ပြည့်စုံနေပြီးဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်များကို အနှစ်သာရအပိုင်းအရပါ အရည်အသွေးမြင့်မားသည့် တက္ကသိုလ်ကောလိပ်များဖြစ်လာစေရေအာင် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၏ စဉ်ဆက်မပြတ်နိုးကြားတက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ဖန်တီးဖော်ဆောင်ပေး

မိဘပြည်သူများအနေနှင့်လည်း မိမိတို့ပြည်နယ်အတွင်း ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏ စွမ်းအားဖြင့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရေအာင် တည်ငြိမ်အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်း၊ ရှင်သန်တိုးတက်သည့် စီးပွားရေးအခြေခံကောင်းများကို ဖန်တီးဖော်ဆောင်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဤအရာသည် တစ်ဦးချင်းအတွက်ရော၊ မိမိပြည်နယ်နှင့် နိုင်ငံတော်အတွက်ပါ အလွန်လေးနက်ကျယ်ပြန့်သည့် တာဝန်ပိုင်းလည်းဖြစ်ပါကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တာဝန်ကျေပွန်မှုမှသည် ပေါင်းစည်းညီညွတ်သည့် တာဝန်ကျေပွန်မှုများနှင့် မိမိ၏ကောလိပ်၊ မိမိ၏ပြည်နယ်၊ မိမိ၏နိုင်ငံတော်ကို အင်နှင့်အားနှင့် မနားမနေတည်ဆောက် ထူထောင်သွားကြရမည့် သဘောထားလည်းဖြစ်ပါကြောင်း။

နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ယခုကဲ့သို့ ပြည်သူတစ်ဦးချင်း၏ တာဝန်ပိုင်း၊ ပြည်သူအများ၏ တာဝန်ပိုင်း၊ နိုင်ငံတော်အစိုးရ၏ တာဝန်ပိုင်းဆိုပြီး တာဝန်အသီးသီးရှိပြီးဖြစ်သည့်အတိုင်း ကိုယ်စီကိုယ်စီတာဝန်များကို ဦးထမ်းပဲ့ထမ်း ဟန်ချက်ညီညီ ကျေပွန်ကြရန်အရေးကြီးပါကြောင်း။

ကြိုးပမ်းဆောင်ရွက်နေ

ဦးဆောင်ဦးရွက်ပြုသည့် နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စုကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်စုံကဏ္ဍစုံ နယ်ပယ်စုံမှာ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု၊ တည်ဆောက်ဖန်တီးမှုများကို အရှိန်အဟုန်နှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စနစ်သစ်တစ်ခု၊ ခေတ်သစ်တစ်ခုကို ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရန်အတွက် တိုင်းပြည်မှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လိုအပ်သည့်အခြေခံများ ပြည့်စုံစေရေအာင် ဦးတည်ချက်ရှိရှိဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာနှင့်ယှဉ်သည့် လမ်းညွှန်မှုများကို လေးစားစွာ ခံယူလိုက်နာပြီး ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟမှုတွေ လျော့နည်းကျဆင်းအောင်၊ ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေအာင်၊ တိုင်းရင်းသားညီအစ်ကိုအားလုံး ကျောသားရင်သားမခွဲခြားဘဲ တိုးတက်စေရေအာင်ဆိုသည့် မွန်မြတ်သည့်ရည်မှန်းချက်ကို အမြဲအလေးထား အကောင်အထည်ဖော် ဆောင်ရွက်နေတာလည်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် ကရင်ပြည်နယ်ကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မမေ့မလျော့ ဖိဖိစီးစီး အကောင်အထည်ဖော်ပေးလျက်ရှိသည်မှာ အားလုံးအသိပဲဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရန်ဆိုရာတွင် မိမိနိုင်ငံအတွင်း စွမ်းအားပြည့်ဝခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ပြည့်စုံထိုက်တန်စွာ တည်ဆောက်ထားနိုင်ရန် လိုအပ်သည်ဟု ခံယူထားပါကြောင်း။

မိမိတို့ မျှော်မှန်းသည့် နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာစေရန်အတွက်လည်း နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုကို အခြေခံသည့် စည်းလုံးညီညွတ်မှုစွမ်းအား၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုစွမ်းအား၊ အရည်အသွေး ပြည့်ဝမြင့်မားပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ရှင်သန်သည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားတို့ဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ထားပါကြောင်း။

စနစ်တကျပေါင်းစည်း

ထို့ကြောင့် အမျိုးသားစီးပွားရေး နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအလိုက် နှစ်တိုနှစ်ရှည်စီမံကိန်းများကို စနစ်တကျ ပေါင်းစည်းချိတ်ဆက်ပြီး မိမိနိုင်ငံကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်ဖန်တီးနေခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ကြီးကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ရာတွင် တိုးတက်ဖြစ်ထွန်းမှုအဖုံဖုံ ရရှိဖြစ်ထွန်းနေသည်ကိုလည်း တိကျခိုင်မာသည့် ကိန်းဂဏန်းများအရရော မငြင်းကွယ်နိုင်သည့် ကိုယ်တွေ့မျက်မြင် ဖြစ်ထွန်းမှုများအရပါ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်ပါကြောင်း။

အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာစေရန်အတွက် ကာလတိုငါးနှစ်စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်၏ စီးပွားရေးသည် နှစ်စဉ်တိုးတက်မှုများရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် တတိယကာလတို ငါးနှစ်စီမံကိန်းမှာ ၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အရှိန်ကိုယူပြီး ၂၀၀၆-၂၀၀၇ခုနှစ်ကစတင်သည့် စတုတ္ထကာလတိုငါးနှစ်စီမံကိန်းတွင် နိုင်ငံတော်၏ စီးပွားရေးကို ယခင်ကာလများနည်းတူတိုးတက်စေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

တိုးတက်ဖြစ်ထွန်းမှု

မျက်မြင်တွေ့ရှိနိုင်သည့်အခြေခံအဆောက်အအုံများ၏ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ ခုနှစ်မှယနေ့အထိ ဆည်မြောင်းတာတမံပေါင်း ၁၈၆ခု၊ ပေ၁၈၀အထက်မြစ်ကူး၊ချောင်းကူးတံတားကြီးများ ၂၁၅စင်း၊ လမ်းမကြီးများမိုင် ၅၃၀၀ကျော် အသစ်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေနှင့် ၁၉၈၈ခုနှစ်တွင် ဆေးရုံပေါင်း ၆၃၁ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၃၀၀ကျော်၊ ဆရာဝန်၁၁၀၀၀ကျော်သာရှိခဲ့ရာက ယခုအချိန်အခါတွင် ဆေးရုံပေါင်း ၈၂၆ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၅၆ခု၊ ဆရာဝန်ပေါင်း ၁၇၅၆၄ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း။

ထို့ပြင် ခုတင်၃၀၀ဆံ့ အထူးကုဆေးရုံကြီးများ၊ သင်ကြားရေးဆေးရုံကြီးများ၊ နိုင်ငံတကာအဆင့်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့်ခွဲစိတ်ကုသရေး ပစ္စည်းကိရိယာများ ဖြည့်တင်းပေးမှုစသည့် အရည်အသွေးမြှင့်တင်ရေး အစီအမံများကိုလည်းထိထိရောက်ရောက် ထိုက်ထိုက်တန်တန်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် ပြည်နယ်တိုင်းများတွင် ဖြန့်ကြက်တည်ရှိနေသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခုမှာ အနိမ့်ဆုံးအားဖြင့် ခုတင်၂၀၀ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံစီထူထောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍအနေနှင့် ကြည့်မည်ဆိုလျှင် အခြေခံပညာကဏ္ဍတွင် ၁၉၈၈ခုနှစ်က အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ ကျောင်းသာရှိခဲ့ပြီး ကျောင်းသူကျောင်းသား ငါးသန်းကျော်သာရှိရာက ယခုဆိုလျှင် ၄၀၅၂၅ ကျောင်းအထိရှိလာခဲ့ပြီးကျောင်းသား ကျောင်းသူခုနစ်သန်းကျော် တက်ရောက်နေပြီဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများအနေနှင့် ယခင် ခေတ်ကာလက နယ်မြေဒေသမအေးချမ်းခဲ့ခြင်းကြောင့် စာသင်ကျောင်းများ ထူထောင်ပေးနိုင်ခြင်းမရှိခဲ့ရာက ယခုဆိုလျှင် မူလတန်းကျောင်း၈၅ကျောင်း၊အလယ်တန်းကျောင်း ၉၀၊ အထက်တန်းကျောင်း ၉၂ ကျောင်း စုစုပေါင်း ၂၆၇ ကျောင်း ထူထောင်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍအနေနှင့် ယခင်က တက္ကသိုလ်ကောလိပ်၃၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် တက္ကသိုလ်ကောလိပ် ၁၅၆ခုအထိ ဖြစ်ထွန်းလာခဲ့သလို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့လို အဆင့်မြင့်နည်းပညာဆိုင်ရာ ကဏ္ဍများအလိုက် အထူးပြုတက္ကသိုလ်များ ဖွင့်လှစ်ထူထောင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မလုံခြုံ မငြိမ်းချမ်းခဲ့

မဝေးလှသေးသည့် အတိတ်ကာလကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် တစ်ချိန်က ကရင်ပြည်နယ်ကြီးသည် လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ၏ ဒဏ်ကြောင့် ဒေသခံပြည်သူများ မလုံခြုံမငြိမ်းချမ်းသည့်ဘဝမှာ ကျီးလန့်စာစားနေခဲ့ကြရသည်များ၊ အသက်အိုးအိမ်စည်းစိမ် လက်လွတ်ဆုံးရှုံးခဲ့ရသည်များ၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့၏ဒဏ်ကို ခါးစည်းခံခဲ့ရသည်များ၊ ဆင်းရဲဒုက္ခအဖုံဖုံ ခံစားခဲ့ရသည်များစသည့် အနိဋ္ဌာရုံမြင်ကွင်းများသာ ပြည့်နှက်နေခဲ့သည်ဆိုတာ ဒေသခံပြည်သူများ အသိဆုံးပဲဖြစ်ပါကြောင်း။

အစွန်အဖျားကျသည့် ကျေးရွာဒေသတွေမှာဆိုလျှင် စာသင်ကျောင်းတွေလည်းပျက်စီး၊ ဆူပူသောင်းကျန်းမှုများ၏ကြားမှာ ဒေသခံပြည်သူတွေ ပြေးလွှားပုန်းအောင်း နေခဲ့ရခြင်းကြောင့် တိုင်းရင်းသားကလေးငယ်များသည်လည်း ကျောင်းတက်စာသင်နိုင်သည့် အခြေအနေမရှိတော့ဘဲ နိုင်ငံတော်အစိုးရက ထူထောင်ပေးထားသည့် ပညာရေးစနစ်တစ်ခုလုံး လုံးဝပျောက်ကွယ်ခဲ့ရသည့် အခြေရောက်ခဲ့ရပါကြောင်း၊ မြို့ပေါ်မှာရှိသည့် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း အချို့ဆိုလျှင်လည်း ကျောင်းမည်ကာမတ္တသာရှိတော့ပြီး ကရင်ပြည်နယ်ကြီးတစ်ခွင်လုံး၌ ပညာသင်ယူနိုင်သည့် အခွင့်အလမ်းတွေ လျော့ပါး ဆုံးရှုံးခဲ့ရခြင်းများသည် အားလုံးမေ့နိုင်ဖွယ်မရှိသည့် ဖြစ်ရပ်ဆိုးများဖြစ်ပါကြောင်း။

ယနေ့ အခြေအနေတွင် ကရင်ပြည်နယ်အတွင်း နယ်မြေအေးချမ်းသာယာမှု၊ တရားဥပဒေ စိုးမိုးမှု တဖြည်းဖြည်း ရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအနေနှင့် စာသင်ကျောင်းများ တိုးချဲ့တည်ဆောက်ပေးခဲ့ခြင်းကြောင့် ယခုဆိုလျှင် ကရင်ပြည်နယ်၏ ကျေးရွာအားလုံးနီးပါးတွင် မူလတန်းကျောင်းများ ရှိလာခဲ့ပြီး တိုင်းရင်းသားရင်သွေးငယ်များအတွက်ပညာရေး၌ လက်လှမ်းတမီရှိသည့်အခြေအနေကောင်းကိုပြန်လည်ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်း မူလတန်းကျောင်း ၁၁၅၄ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၇၇ကျောင်းနှင့် အထက်တန်းကျောင်း ၃၅ ကျောင်း စုစုပေါင်း စာသင်ကျောင်းပေါင်း ၁၂၈၈ကျောင်း ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

အဆင်သင့်ပြင်ဆင်ထား

ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန် အခြေအနေပေးရင်ပေးသလို အစွန်အဖျားကျေးရွာများအထိ အထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်သမျှ ဖွင့်လှစ်ပေးရန် နိုင်ငံတော်အစိုးရက အဆင်သင့် ပြင်ဆင်ထားပြီးလည်း ဖြစ်ပါကြောင်း။

ယနေ့ဆိုလျှင် ကရင်ပြည်နယ်အတွင်း၌ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သာမက နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကိုပါ ထူထောင်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်ဘားအံမြို့သည် မော်လမြိုင်မြို့နှင့် မိုင် ၃၀ ခန့်သာ ကွာဝေးပြီး ယခုအချိန်အခါတွင် အချိန်တိုအတွင်း လွယ်လင့်တကူသွားလာနိုင်သည့် အခြေအနေရောက်ရှိနေပြီဖြစ်သော်လည်း ကရင်ပြည်နယ်က တိုင်းရင်းသား လူငယ်များကို မိမိတို့ ဒေသအတွင်းမှာပဲ အဆင့်မြင့် ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ ဂုဏ်သိက္ခာရှိရှိ ဣန္ဒြေရရသင်ကြားခွင့်ရရှိလိုသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်သည့်စေတနာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပင်မအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

လက်တွေ့မြင်တွေ့နေရသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ တိုးတက်မှုအခြေအနေကောင်းများကိုကြည့်လျှင် လုပ်ကြံဖန်တီးစွပ်စွဲမှုများ၏ ယုတ်ညံ့သည့်ရည်ရွယ်ချက်နှင့် ဆိုးညစ်သည့်စေတနာကို တွေ့မြင်ရမည်ဖြစ်

➪ စာမျက်နှာ ၉ မှ

ကြောင့် ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်ကို ဒေသခံပြည်သူများ သိရှိနားလည်စေချင်ပါကြောင်း။

အဆင့်မြင့်ပညာဆည်းပူးနေ

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ စေတနာအကျိုးရလဒ်ကောင်းများကြောင့် ကရင်ပြည်နယ်အတွင်း အဆင့်မြင့်ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများတိုးပွားပေါ်ထွန်းလာသည်နှင့်အမျှ ၁၉၈၈ ခုနှစ် ဘားအံကောလိပ်ဘဝက ဘွဲ့ကြိုကျောင်းသား ၁၇၉ ဦးသာ တက်ရောက်နိုင်ခဲ့သည့်အခြေအနေက ယခုဆိုလျှင် ဘားအံတက္ကသိုလ်မှာ ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်း၊ မဟာဘွဲ့အရည်အချင်းစစ်တန်း၊ မဟာဘွဲ့သင်တန်းများတွင် ကျောင်းသူ ကျောင်းသား ၂၀၀၀ကျော် အဆင့်မြင့်ပညာများတက်ရောက်ဆည်းပူးနေပြီဖြစ်ကြောင်း။

အလားတူ ဘားအံအစိုးရနည်းပညာကောလိပ်တွင် M.E ဘွဲ့၊ B.E ဘွဲ့၊ B.Tech ဘွဲ့သင်တန်းများ၊ AGTI ဒီပလိုမာသင်တန်းများနှင့် အခြား Module သင်တန်းများ၊ ကျောင်းသား ကျောင်းသူ ၅၃၀ခန့်၊ ဘားအံအစိုးရကွန်ပျူတာကောလိပ်မှာမဟာဘွဲ့သင်တန်း၊ ဂုဏ်ထူးတန်းသင်တန်းများ အပါအဝင် ဘွဲ့ကြိုနှင့်ဘွဲ့လွန်သင်တန်းများမှာ ကျောင်းသူ ကျောင်းသား ၄၃၀ခန့် တက်ရောက်ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဘွဲ့၊ ဒီဂရီရရှိသည့် ကျောင်းသူ ကျောင်းသားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာနေပြီး ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်များကို မှန်မှန်ချည်းဖွံ့ဖြိုးတိုးတက်နေစေသည့် အခြေအနေကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ပါကြောင်း။

၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဘားအံတက္ကသိုလ်က မဟာဘွဲ့ရ ၆၈ဦး၊ ဂုဏ်ထူးဘွဲ့ရ ၁၈ဦးအပါအဝင် ဘွဲ့၊ ဒီဂရီရရှိသူ ၁၂၀၀ခန့်၊ ဘားအံအစိုးရနည်းပညာကောလိပ်မှာ B.E ဘွဲ့၊ B.Tech ဘွဲ့အပါအဝင် ဘွဲ့နှင့် ဒီပလိုမာရရှိသူ ၈၇၈ ဦး၊ ဘားအံအစိုးရကွန်ပျူတာကောလိပ်က B.C.Sc (ဂုဏ်ထူး)နဲ့ B.C.Tech (ဂုဏ်ထူး)ဘွဲ့ အပါအဝင်နှင့် ဒီပလိုမာရရှိသူ ၇၅၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကရင်ပြည်နယ်အတွင်း အဆင့်မြင့်ပညာတတ်ကျွမ်းသူများ တိုးပွားဖြစ်ထွန်းလာနေခြင်းသည် မိမိဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် ခေတ်ပညာတတ်များကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသတိုင်းမှာ ပညာရပ်ဆိုင်ရာနယ်ပယ်ကဏ္ဍစုံကနေ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှန်ကန်သည့် လမ်းညွှန်မှုနှင့် ဖြူစင်သည့်စေတနာများ၏ အကျိုးရလဒ်ကောင်းများလည်းဖြစ်ပါသည်ဟု ပြောကြားလိုပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင်လည်း ကရင်ပြည်နယ်အတွင်း သံလွင်တံတား(ဘားအံ)၊ ဂျိုင်းမြစ်ကူး(ဇာသပြင်)တံတား၊ ဂျိုင်းမြစ်ကူး (ကော့ကရိတ်)တံတားတို့အပါအဝင် မြစ်ကူးတံတားကြီး ငါးစင်းရှိလာခဲ့သည့်အပြင် တစ်ဆက်တစ်စပ်တည်းတွင် မွန်ပြည်နယ်အတွင်း အတ္တရံမြစ်ကူးတံတားနှင့် သံလွင်တံတား(မော်လမြိုင်)တို့ပါ တည်ဆောက်ပေးခဲ့သည့်အတွက် ဘားအံ-မော်လမြိုင်၊ မြဝတီ-ကော့ကရိတ်-ဘားအံ-မော်လမြိုင်တို့ တိုးလျှိုပေါက် လမ်းပေါက်သွားသည့် အခြေအနေအထိ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုလို လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာ သည်နှင့်အမျှ ကရင်ပြည်နယ်သည် ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး စီးပွားရေး၊ လူမှုရေး တိုးတက်မြင့်မားမှုများပါ ဆက်စပ်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း။

အဆင့်အတန်းမီမီဖြစ်လာ

ယနေ့ မိမိတို့ရောက်ရှိနေသည့် ဘားအံမြို့ကိုကြည့်လျှင်လည်း တစ်ချိန်တုန်းကဆိုလျှင် အိမ်ခြေ ၆၀၀ ကျော်ခန့်သာရှိခဲ့သည့် အခြေအနေကနေ ယခုဆိုလျှင်တက္ကသိုလ်၊ ကောလိပ်များ၊ ခုတင်၂၀၀ဆံ့ဆေးရုံကြီး၊ ခေတ်မီတိုက်တာ အိမ်ခြေ၊ ဈေး၊ ပန်းခြံ စသည့် မြို့ပြအင်္ဂါရပ်များ ပြည့်စုံသည့် ဘားအံမြို့ကြီးအဖြစ် ဖြစ်ထွန်းလာခဲ့ပြီဖြစ်သလို အိမ်ခြေ၁၁၆၀၀ကျော်ရှိပြီး လူဦးရေ ၅၀၀၀၀ ကျော် မှီတင်းနေထိုင်သည့် မြို့ကြီးတစ်ခုအဖြစ် အဆင့်အတန်းမီမီ ဖြစ်လာခဲ့ပြီ ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကရင်ပြည်နယ်ကြီးတစ်ခုလုံး ထူးထူးခြားခြားတိုးတက်ပြောင်းလဲနေသလို ကရင်ပြည်နယ်ကြီးတစ်ခွင်လုံးနီးပါး အေးချမ်းသာယာနေပြီဖြစ်တာလည်း ဒေသခံပြည်သူများကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်ပါကြောင်း။

သို့သော်လည်း အမှန်တရားကို မျက်ကွယ်ပြုထားသည့် အဆိုးမြင်ဝါဒီများသည် ထိုတိုးတက်ဖြစ်ထွန်းမှုများကို မနာလိုမရှုဆိတ်ဖြစ်ပြီး ကရင်ပြည်နယ်ကြီး ဆုတ်ယုတ်ပျက်စီးနေကြောင်း၊ ကရင်တိုင်းရင်းသားများ အိုးပစ်အိမ်ပစ် ထွက်ပြေးနေရကြောင်း၊ လူမျိုးတုံး သတ်ဖြတ်ခံနေရကြောင်း၊ တိုင်းရင်းသူများကို မတရားပြုကျင့်ကြောင်း၊ လူကုန်ကူးခံနေရကြောင်း၊ အကြမ်းဖက်ခံနေရကြောင်း စသည့် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုအဖုံဖုံကို နိုင်ငံတကာက အထင်အမြင်မှားအောင် စွပ်စွဲပြောဆိုလျက်ရှိနေကြဆဲပဲ ဖြစ်ပါကြောင်း။

ယုတ်ညံ့သည့်ရည်ရွယ်ချက်

လက်တွေ့မြင်တွေ့နေရသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ တိုးတက်ဖြစ်ထွန်းမှု အခြေအနေကောင်းများကိုကြည့်လျှင် လုပ်ကြံဖန်တီးစွပ်စွဲမှုများ၏ ယုတ်ညံ့သည့်ရည်ရွယ်ချက်နှင့် ဆိုးညစ်သည့်စေတနာကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။

အမှန်တကယ်အားဖြင့် ကရင်ပြည်နယ်ကြီး၏ ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာနှင့် အခွင့်အလမ်းများ စွမ်းအားရှိသလောက် အစွမ်းကုန်ဆောင်ရွက်မပေးနိုင်သေးသည့် အခြေအနေများသည် တိုင်းရင်းသားညီအစ်ကိုများအကြား လူမျိုးရေး မုန်းတီးမှုများ၊ အာဃာတများဖြစ်လာအောင် လှုံ့ဆော်သွေးထိုးရင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိအောင် ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေကြသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကြောင့်ပဲဆိုတာ ပေါ်လွင်နေပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာပြီး သူ့ဒေသအလိုက် သူ့စွမ်းအားရှိသလောက် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါတွင် ကရင်ပြည်နယ်အနေနှင့် တည်ငြိမ်အေးချမ်းမှု အပြည့်အဝမရရှိနိုင်သေးသည့် အခြေအနေကြောင့် ပြည်နယ်၏ ဖွံ့ဖြိုးနိုင်မှုစွမ်းအားကိုဟန့်တားနှောင့်နှေးစေတာကို စိတ်မချမ်းမြေ့ဖွယ် တွေ့နေရပါကြောင်း။

ချိုးနှိမ်ထားဆဲ

နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သည့် လက်နက်ကိုင်သောင်းကျန်းမှုဒဏ်သည် ကရင်ပြည်နယ်နှင့်တကွ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးကို မလုံခြုံမငြိမ်းချမ်းမှု၊ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးရမှု၊ အေးချမ်းစွာပရိယေသနဝမ်းစာ ရှာဖွေမစားသောက်နိုင်မှု၊ စွမ်းအားရှိသလောက်မဖွံ့ဖြိုးနိုင်မှု စသည့် အနိဋ္ဌာရုံဝဲဩဃထဲက ရုန်းမထွက်နိုင်အောင် ချိုးနှိမ်ထားဆဲပဲရှိနေပါကြောင်း။

လက်တွေ့အားဖြင့် မိမိလူမျိုးကိုလည်းအကျိုးမပြု၊ ပြည်နယ်အကျိုးကိုလည်းထိခိုက်နစ်နာစေလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်သည် ကာလရှည်ကြာလာသည်နှင့်အမျှ အင်အားချည့်နဲ့လာပြီး မိတ်ဆွေ၊ ရန်သူ ခွဲခြားနိုင်စွမ်းမရှိတော့ဘဲအနိုင်အထက်ပြုကျင့်မှု၊ အကြမ်းဖက်မှုများနှင့် ပို၍ပို၍ ရောထွေးလာနေရပြီး ပြည်တွင်းအားထက် ပြည်ပအပေါ်ပိုမိုမှီခိုနေရပြီဆိုသည့် မိမိတို့၏ ပကတိအခြေအနေမှန်ကို နားလည်သိရှိသင့်သည့်အချိန်အခါ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း ငြိမ်းချမ်းသည့်နိုင်ငံရေးစနစ်၏ ဘောင်အတွင်းရောက်ရှိပြီး ဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာသည့်ပန်းတိုင်ကို မဆုတ်မနစ်လျှောက်လှမ်းနေပြီဖြစ်သည့် အခြားသော နယ်စပ်ဒေသများ၏ အားကျဖွယ်အခြေအနေများကို လက်တွေ့ကျကျသုံးသပ်နိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

သင်ခန်းစာယူဖွယ်

နိုင်ငံတကာကိုကြည့်လျှင်လည်း လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေး အကြောင်းအမျိုးမျိုးပြပြီး မြှောက်ပင့်သွေးထိုးမှု၊ သွေးခွဲသပ်လျှိုမှု ဘေးပယောဂများကြောင့် မိမိတို့လူမျိုးအချင်းချင်း အပြန်အလှန် ဆန့်ကျင်သတ်ဖြတ်နေကြသည်များ၊ အကြမ်းဖက်ဖြေရှင်းနေကြသည်များ၊ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရသည်များ စသည့်အနိဋ္ဌာရုံမြင်ကွင်းများသည် မိမိတို့အတွက် သင်ခန်းစာယူဖွယ်ရာ သာဓကများ ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ပြည်ထောင်စုကြီးကို လက်နက်ကိုင်ဆန့်ကျင်မှု ဝဲဂယက်က စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ်ကြီး၏ ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာနှင့် အခွင့်အလမ်းများ စွမ်းအားရှိသလောက် အစွမ်းကုန်ဆောင်ရွက်မပေးနိုင်သေးသည့် အခြေအနေများသည် တိုင်းရင်းသားညီအစ်ကိုများအကြား လူမျိုးရေး မုန်းတီးမှုများ၊ အာဃာတများဖြစ်လာအောင် လှုံ့ဆော်သွေးထိုးရင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု မရှိအောင် ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေကြသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကြောင့်ပဲဆိုတာ ပေါ်လွင်နေ။

❒ စာမျက်နှာ ၁၀ မှ

အစဉ်ထာဝရလွတ်မြောက်နိုင်စေရန် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုသာ ရည်မျှော်ပြီး ယနေ့ထက်တိုင် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားဆဲပဲဖြစ်ပါကြောင်း။

သို့သော်လည်း နိုင်ငံတော်ကိုဆန့်ကျင်နေသည့်အုပ်စုများသည် ပြည်တွင်းပြည်ပချိတ်ဆက်ပြီး နိုင်ငံတော်အစိုးရအပေါ် စွပ်စွဲမှုများ၊ နိုင်ငံရေးလုပ်ကြံဖန်တီးမှုများ ဆက်တိုက်ပြုလုပ်နေဆဲဖြစ်သလို နိုင်ငံတော်ကို မတည်မငြိမ်ဖြစ်အောင် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်နေဆဲပဲ ဖြစ်တာကတော့ မိမိတို့နိုင်ငံ၏မျက်နှာ၊ မိမိတို့လူမျိုး၏မျက်နှာကို မျက်ကွယ်ပြုရာ ရောက်နေပြီဟု ပြောကြားလိုပါကြောင်း။

ကရင်ပြည်နယ်အတွင်းတွင် ရှိကြသည့် တိုင်းရင်းသားပြည်သူများကလည်း ကရင်ပြည်နယ်နှင့်တကွ ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်းသာယာအောင်၊ စည်းလုံးညီညွတ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ငြိမ်းချမ်းရေး တံတားခင်းပြီး အစဉ်တစ်စိုက်လျှောက်လှမ်းလာခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာမှန်သော၊ ဖြောင့်မတ်သော ဦးဆောင်ကြိုးပမ်းမှုများမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ပြီး မိမိတို့ကရင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာဝပြော ဖွံ့ဖြိုးတိုးတက်စေရအောင် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြောကြားလိုသည်မှာ ဘားအံအစိုးရကွန်ပျူတာကောလိပ်အပါအဝင် ကရင်ပြည်နယ်အတွင်း ဖြစ်ထွန်းနေသည့် ပညာရေး အခြေခံကောင်းများမှသည် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာအောင် ကြိုးစားဆောင်ရွက်ရင်း မိမိတို့ ကရင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်စေရအောင် မဆုတ်မနစ် ကြိုးစားဆောင်ရွက်ကြပါ၊ စည်းလုံးညီညွတ်သည့်အားကို အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် မဖြစ်မနေကြိုးပမ်းပါဝင် တည်ဆောက်ကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက ကရင်ပြည်နယ်တွင်းရှိ တက္ကသိုလ်ကောလိပ်များ၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာတွင် ၁၉၈၈ခုနှစ်အစပိုင်းအထိ ကရင်ပြည်နယ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းများ မရှိခဲ့ကြောင်း၊ ၂၀၀၁ခုနှစ် စက်တင်ဘာလမှာ အစိုးရကွန်ပျူတာကောလိပ် (ဘားအံ)ကို စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယင်းကောလိပ်သည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ပေါင်းစည်းဆက်နွှယ်ထားပြီး ကရင်ပြည်နယ်မှ ကွန်ပျူတာအသိပညာရှင်များ၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး၊ ထွက်ပေါ်လာသည့် ပညာရှင်များကလည်း ပြည်နယ် တိုးတက်ရေးအတွက် ပြန်လည်ပံ့ပိုးရေးဆိုသည့် ရည်ရွယ်ချက်များနှင့် ဖွင့်လှစ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ၁၉၉၃ခုနှစ် စက်တင်ဘာလတွင် စက်မှုလက်မှု အထက်တန်းကျောင်း (THS) ကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ် ဩဂုတ်လတွင် စက်မှုလက်မှုသိပ္ပံ (GTI)ကိုလည်းကောင်း၊ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလတွင် အစိုးရနည်းပညာကောလိပ် (GTC)ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

နည်းပညာသင်ကြားရေးနှင့် ပတ်သက်၍ ၁၉၉၈ခုနှစ်တွင် တက္ကသိုလ်နှစ်ခု၊ သိပ္ပံ ၁၀ခု စုစုပေါင်း ၁၂ခုသာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ်ခုနစ်ခု၊ ကောလိပ် ၅၀နှင့် သိပ္ပံ ၁၁ခု စုစုပေါင်း နည်းပညာနှင့် ကွန်ပျူတာကျောင်းပေါင်း ၆၈ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်တွင် ကျောင်းသား အရေအတွက်သည် ၄၀၀၀ ခန့်သာရှိခဲ့ရာ ၂၀၀၆ခုနှစ်တွင် ၇၀၀၀၀ ကျော် တက်ရောက်ပညာဆည်းပူးလျက် ရှိပါကြောင်း၊ ဆရာ၊ ဆရာမများသည်လည်း အရည်အချင်းပြည့်ဝသော ပါရဂူဘွဲ့ရများ၊ မဟာဘွဲ့ရများ ဖြစ်ကြကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)မှ ကျောင်းသူ၊ ကျောင်းသားများကိုယ်စား ဘွဲ့လွန်သင်တန်းကျောင်းသူ မအိမွန်ခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပင်မဆောင်သစ်ပထမထပ်ရှိ ကွန်ပျူတာခန်း၊ e-Library၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပြခန်း၊ ကွန်ပျူတာ တပ်ဆင်ထိန်းသိမ်းရေးခန်းများနှင့် စာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခုဖွင့်လှစ်လိုက်သော အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ) ပင်မအဆောက်အအုံသည် အလျား ၄၉၁ပေ၊ အနံ ၂၃၈ပေရှိပြီး စာသင်ခန်းပေါင်း ၃၅ခန်းပါဝင်ကာ ကျောင်းသားဦးရေ ၃၀၀၀ခန့် ပညာသင်ကြားနိုင်သည့် သုံးထပ်အဆောက်အအုံဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဇွန် ၉ရက် ညနေပိုင်းက ဘားအံမြို့ရှိ ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံခဲ့ကြသည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သတင်းများ

ပါရာဂွေး ကိုယ့်ဂိုးကိုယ်သွင်း၍ အင်္ဂလန်နိုင်

ရန်ကုန် ဇွန် ၁၀

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် ပါရာဂွေးအသင်းတို့ ယနေ့မြန်မာစံတော်ချိန် ည ၇နာရီခွဲတွင် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ရှိ ပရိသတ် ၄၃၀၀၀ကျော်ဆံ့သည့် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ပါရာဂွေးအသင်းနောက်ခံလူ ဂါမာရာ ကိုယ့်ဂိုးကိုယ်သွင်းသည့် တစ်ဂိုးတည်းဖြင့် အနိုင်ရရှိသွားသည်။

အင်္ဂလန်အသင်းနိုင်

နှစ်သင်းစလုံး ပုံမှန်သာ ကစားသွားသဖြင့် ပွဲကောင်းတစ်ပွဲ ဖြစ်မလာဘဲ ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ ပထမပိုင်းတွင် အင်္ဂလန်အသင်းက ပါရာဂွေးကွင်းတစ်ဝက်ခန့်၌ ပြစ်ဒဏ်ဘောရရှိပြီး အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းကန်တင်ရာ ပါရာဂွေးအသင်းခေါင်းဆောင် ကားလို့စ်ဂမ်မာရာခေါင်းတိုက်ဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိသွား၍ အဆိုပါ တစ်လုံးတည်းသောဂိုးဖြင့် အင်္ဂလန်အသင်း အနိုင်ရသွားသည်။ (ကြေးမုံ)

အင်္ဂလန်ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ဟမ်း(ယာ)**နှင့် ပါရာဂွေး နောက်တန်းလူ တော်လီခါတို့ ဘောလုံးယှဉ်လုကြစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ မြဝတီရုပ်မြင်သံကြားမှ စတင်ထုတ်လွှင့်ပြသမှုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

Yangon Entertainment မှ မြဝတီရုပ်မြင်သံကြားတွင် 2006 World Cup Germany ဘောလုံးပွဲစဉ်များ စတင်ထုတ်လွှင့်မှုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၉ရက် ည ၈နာရီခွဲတွင် ရန်ကုန်မြို့ Traders Hotel (Ball Room) ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဒေါ်ဆွေဇင်ထိုက်က ဆောင်ရွက်ပြီး Yangon Entertainment မှ Managing Director ဦးလှဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး **(အောက်ပုံ)** Admin. Manager ဦးကိုကိုဦးက Yangon Entertainment အနေဖြင့် မြန်မာ့ဘောလုံးအားကစားအောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းမှ ဘောလုံးအားကစားဝါသနာရှင် ပရိသတ်များအနေဖြင့်လည်း ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများနည်းတူ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို တစ်ချိန်တည်း တစ်ပြိုင်တည်းကြည့်ရှုနိုင်စေရန် စိတ်စေတနာဖြင့် မြဝတီရုပ်မြင်သံကြားမှ 2006 World Cup Germany ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များအား Lolane Hiar & Skin Care (Grand Wynn Enterprises Ltd.) နှင့် Gold Roast Coffee Mix (Myanmar Distribution Group Co., Ltd.) တို့နှင့် ပူးပေါင်းထုတ်လွှင့်ပြသခြင်းဖြစ်ကြောင်း၊ စုစုပေါင်း ကမ္ဘာ့ဖလားဘောလုံးပွဲ ပွဲစဉ်ပေါင်း ၆၄ပွဲရှိသည့်အနက် ၅၆ပွဲကို ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး အုပ်စုပတ်လည်အဆင့် ပွဲစဉ်ပေါင်း ၄၀အနက်မှ ၂၆ပွဲအား တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်မှ ဗိုလ်လုပွဲအထိ ၁၆ပွဲကိုလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းဖြင့် မိတ်ဆက်ရှင်းလင်းပြောကြားသည်။

Yangon Entertainment မှာ ၁၉၉၈ခုနှစ် ပြင်သစ်နိုင်ငံ၌ ကျင်းပခဲ့သော 1998 World Cup (FRANCE) ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် EURO 2000 ဘောလုံးပွဲများကို ထုတ်လွှင့်ပြသခဲ့သည့်အပြင် EPL & FA CUP ဘောလုံးပွဲများကို မြဝတီရုပ်မြင်သံကြားမှ စီစဉ်တင်ဆက် ထုတ်လွှင့်ပြသလျက်ရှိကြောင်း သိရှိရသည်။

2006 World Cup Germany ဘောလုံးပွဲစဉ်များတွင် စီးပွားရေးလုပ်ငန်းရှင်များသည် ကြော်ငြာများ ထည့်သွင်းလိုပါက Yangon Entertainment Co., Ltd. အမှတ်(၄၀) (၆၇)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း– ၂၉၄၀၄၅၊ ၂၉၀၁၇၀နှင့် ၂၉၁၃၁၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

ဆွီဒင်နှင့် ထရီနီဒက် ဂိုးမရှိ သရေကျ

ရန်ကုန် ဇွန် ၁၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်အဖြစ် ဆွီဒင်အသင်းနှင့် ထရီနီဒက်နှင့် တိုဘာဂိုအသင်းတို့ ယနေ့မြန်မာစံတော်ချိန် ည ၁၀နာရီခွဲက ဂျာမနီနိုင်ငံ ဒေါ့မွန်မြို့ရှိ အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေကျသွားသည်။ (ကြေးမုံ)

အီကွေဒေါအသင်း ခြေစွမ်းပြပြီး ပိုလန်ကိုနိုင်

ရန်ကုန် ဇွန် ၁၀

၂၀၀၆ခုနှစ်(ဂျာမနီ)ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပရာ ယနေ့နံနက် ၁နာရီခွဲက ဂျယ်ဆင်ကာချင်ကွင်း၌ ယှဉ်ပြိုင်ကစားကြသည့် အုပ်စု(က)မှ အီကွေဒေါနှင့် ပိုလန်တို့ပွဲတွင် အီကွေဒေါအသင်း ခြေစွမ်းပြကာ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပရိသတ် ၄၈၀၀၀ကျော် ဆံ့သည့်ကွင်းအတွင်း အီကွေဒေါအသင်း တစ်ဦးချင်းရော အသင်းလိုက်ပါခြေစွမ်းပြကစားနိုင်သည့်အပြင် လျင်မြန်မှုနှင့် ကြံ့ခိုင်မှုတို့တွင်ပါ ပိုလန်အသင်းထက်သာလွန်၍ အနိုင်ရသွားခြင်းဖြစ်သည်။ အီကွေဒေါအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကို ၂၄မိနစ်၌ တီနိုရီယိုနှင့် မိနစ် ၈၀တွင် ဒယ်လ်ဂါဒိုတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁–၆–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၅** ၉။ ဆရာတော်ဦးဃောသိတ တရားတော် –သမာဒိဋ္ဌိ (၅)မျိုး
- **၉:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၆** ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – အဖြူရောင်သံယောဇဉ်**
- **၀၁:၅၀** ၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၀၁:၅၉** ၇။ အပိတ်နှုတ်ဆက်စကား
- **၀၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၁၅** ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ – ENGLAND VS PARAGUAY (DELAY)
- **၆:၀၀** ၅။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၆။ နိုင်ငံတကာသတင်း
- **၆:၁၅** ၇။ မိုးလေဝသသတင်း
- **၆:၂၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၉။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၆:၅၀** ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – နန်းတွင်းရတနာ (အပိုင်း–၄၉)**
- **၈:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၄။ ကျန်းမာသုတ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ – MEXICO VS IRAN (LIVE)
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

၁၂–၆–၂၀၀၆ နံနက်ပိုင်း

- **၁:၃၀** ၁၈။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ – ANGOLA VS PORTUGAL (LIVE)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

နယ်သာလန်၊ မက္ကဆီကိုနှင့်ပေါ်တူဂီ ခြေစွမ်းပြမည်

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၁၁ ရက်၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အုပ်စု(ဂ)မှ ဆာဘီးယားနှင့် မွန်တီနီဂရိုးနှင့် နယ်သာလန်၊ အုပ်စု(ဃ)မှ မက္ကဆီကိုနှင့်အီရန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ် ပြီး ဇွန် ၁၂ ရက် နံနက် ၁ နာရီခွဲတွင် အုပ်စု(ဃ)မှ အင်ဂိုလာနှင့် ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားကြမည်။

ဆာဘီးယားနှင့်နယ်သာလန်

၁၁–၆–၂၀၀၆
ကစားကွင်း–လိုက်ပ်ဇစ်
အချိန်–ည ၇း၃၀နာရီ၊ တနင်္ဂနွေနေ့
ကွင်းလယ်ဒိုင်လူကြီး–မားကပ်စ်မာ့စ်(ဂျာမနီ)
လက်ထောက်ဒိုင်(၁)–ခရစ္စတီယန်စချာရာ (ဂျာမနီ)
လက်ထောက်ဒိုင်(၂)–ရန်ဟင်ဒရစ်ဆယ်လ်(ဂျာမနီ)
(မြဝတီမှ နောက်နေ့ ညနေ ၄း၃၀ နာရီတွင် ပြန်လည်ထုတ်လွှင့်ပြသမည်။)

ဥရောပအသင်းချင်း ယှဉ်ပြိုင်ကစားမည့်ပွဲဖြစ်သည်။ ဆာဘီးယားနှင့် မွန်တီနီဂရိုးအသင်းကို ယခင် ယူဂိုဆလားဗီးယားအမည်ဖြင့်သာ လူသိများသည်။ ဆာဘီးယားသည် ကမ္ဘာ့ဘောလုံးလောက၌ အတိုင်းအတာတစ်ခုအထိ မှတ်တမ်းရှိခဲ့ဖူးသည်။ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စတုတ္ထတစ်ကြိမ်ရသည်။

နောက်တန်းကောင်း

ဆာဘီးယားသည် ဥရောပအသင်းများတွင် နောက်တန်းအကောင်းဆုံးအသင်းတစ်သင်းဟု ပြော၍ရသည်။ ခြေစစ်ပွဲတွင် တစ်ဂိုးသာအသွင်းခံရသည်။ မည်သို့ပင်ဖြစ်စေ၊ ဆာဘီးယားအသင်းသည် ဥရောပထိပ်သီးအသင်းထဲတွင် ပါဝင်ခြင်းမရှိချေ။ သို့သော် ပြိုင်ဘက်အသင်းများက အလေးထားကစားရသော အသင်းတစ်သင်းဖြစ်သည်။

မက္ကဆီကို လက်ရွေးစင်အသင်းမှ တိုက်စစ်မှူး ဖရန်စစ္စကို ဖွန်ဆီကာကို လေ့ကျင့်ရေးကွင်းတွင် ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရှေ့တန်းတိုက်စစ်တွင် ကက်ဇ်မန်း၊ မီလိုဆီဗစ်တို့ပါဝင်သည်။ အလယ်တန်းမှာ စတန်ကိုဗစ်က ပြိုင်ဘက်အသင်းများကို ကောင်းစွာခြိမ်းခြောက်နိုင်သည်။

ကာကွယ်နိုင်

နယ်သာလန်သည် အတွေ့အကြုံရင့်ကျက်သော ကစားသမားများနှင့် တက်သစ်လူငယ်များ ပေါင်းစပ်ဖွဲ့စည်းထားသောအသင်းဖြစ်သည်။ နောက်တန်းမှာ ဟမ်းဘတ်မှခါလစ်ဘိုလာရူး၊ ဘာစီလိုနာမှခရော့စ်တို့သည် ခံစစ်ကြောင်းကို လုံခြုံအောင် ကာကွယ်နိုင်ကြသည်။ ကွင်းလယ်၌ ပီအက်စ်ဗွီမှ ကိုကူး၊ အေဂျက်မှ တက်စ်လေ၊ ဟမ်းဘတ်မှ ဗန်ဒါဗတ်တို့ရှိသည်။ ရှေ့တန်းတွင် မန်ယူတိုက်စစ်မှူး နစ္စတယ်လ်ရွိုင်း၊ ဗန်ပါစီတို့ရှိသည်။ လူကောင်းများကို ကြိုက်သလို အသုံးချကစားနိုင်သည်။ လူအရ၊ အတွေ့အကြုံအရ၊ ကစားကွက်အရ နယ်သာလန် (ခေါ်) ဟော်လန်သည် အထက်စီးမှ ကစားလိမ့်မည်။ နိုင်ခြေ ရာခိုင်နှုန်းများသည်။

ဂမ်ဆိုင်း

ဂျာမနီ နိုင်ငံ မာရီယန်ဖက်ဒ်မြို့တွင် ဇွန် ၉ ရက်က လေ့ကျင့် နေကြသည့် ပေါ်တူဂီ လက်ရွေးစင်အသင်းမှ ခရစ္စတီယာနို ရိုနယ်လ်ဒို (ယာ) **နှင့် လူးဝစ်ဖီဂိုတို့ကို တွေ့ရစဉ်။**
(ဓာတ်ပုံ– အင်တာနက်)

မက္ကဆီကိုနှင့်အီရန်

၁၁–၆–၂၀၀၆
ကစားကွင်း–နုရင်ဘတ်
အချိန်–ည ၁၀း၃၀နာရီ၊ တနင်္ဂနွေနေ့
ကွင်းလယ်ဒိုင်လူကြီး–ရိုဘာတိုရိုဆက်တိ(အီတလီ)
လက်ထောက်ဒိုင်(၁)–ခရက်စတီယာနိုကိုပယ်လီ(အီတလီ)
လက်ထောက်ဒိုင်(၂)–အလက်ဇန္ဒရိုစတက်နိုလီ(အီတလီ)
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ကွန်ကာကက်ဖ်ဇုန်မှ မက္ကဆီကိုနှင့် အာရှမှ အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်။ အီရန်သည် အာရှတိုက်တွင် တောင်ကိုရီးယား၊ ဂျပန်တို့နှင့် တန်းတူရည်တူရှိသော အသင်းတစ်သင်းဖြစ်သည်။ သို့သော်လည်း အီရန်သည် ခြေစစ်ပွဲတစ်လျှောက်တွင် ခြေစွမ်းရည် မတည်ငြိမ်ဘဲရှိခဲ့သည်။

အီရန်ကစားသမားအချို့သည် ဂျာမနီတွင် အခြေစိုက်ကစားနေကြသည်။ ဂျာမနီကလပ်အသင်းပြိုင်ပွဲများ ပြီးမှပင် အသင်းကို စုစည်းနိုင်တော့သည်။ စုပေါင်းလေ့ကျင့်ချိန် များများစားစား မရသောကြောင့် အသင်းတည်ငြိမ်မှုမရဘဲ ဖြစ်နေသည်။ အီရန် ရင်ဆိုင်တွေ့ရမည့် မက္ကဆီကိုအသင်းသည် မာရေကျောရည်ရှိသည်။

မက္ကဆီကိုခံစစ်

မက္ကဆီကိုသည် ခံစစ်အားကောင်းသော အသင်းဖြစ်သည်။ ကွန်ကာကက်ဖ်တွင် တန်းဝင်အသင်း တစ်သင်းဖြစ်သည်။ ကွန်ဖက်ဒရေးရှင်းဖလားတွင် ဘရာဇီးကဲ့သို့သောအသင်းမျိုးကို အနိုင်ရအောင်ကစားပြီး ချန်ပီယံရထားသော အသင်းလည်းဖြစ်သည်။ ကမ္ဘာ့အဆင့် (၅)ရှိသည်။ လူကြီးလူငယ် ပေါင်းစပ်ထားသည်။ ရာဖေးလ်မားကွတ်ဇ်က မက္ကဆီကိုအသင်းကို ဦးဆောင်ကစားမည်ဖြစ်သည်။ ရှေ့တန်းတိုက်စစ်မှူးများဖြစ်သော ဘော်လ်တန်မှ ဘိုဂတ်တီနှင့် ဗီလာရီးရဲလ်မှ ဖရန်ကိုတို့သည် စုစည်းမှုအားပျော့သော အီရန်နောက်တန်းကို ကောင်းစွာဒုက္ခပေးလိမ့်မည်ဖြစ်သည်။

ဂျာမနီ နိုင်ငံ ဖရီးဘတ်ဂ် မြို့တွင် နယ်သာလန် အသင်းမှ အာဂျန် ရော်ဘင်လေ့ကျင့် နေသည်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ– အင်တာနက်)

နည်းစနစ်ကျွမ်းကျင်မှုတွင် မက္ကဆီကိုသည် အီရန်ထက်များစွာသာသည်။ ထို့အပြင် အင်နှင့်အားနှင့် ကစားတတ်လာသည်။ မက္ကဆီကိုသည် အီရန်ထက် အစစအရာရာသာသည်။ အနိမ့်ဆုံး မက္ကဆီကို ပွတ်ကာသီကာ နိုင်ဖို့လမ်းများသည်။ နှစ်ဂိုး သုံးဂိုးပြတ်လျှင် မက္ကဆီကို ယုံကြည်မှုများ ပြည့်ဝလာပြီး ရှေ့တစ်လှမ်းတက်ရန် အခွင့်အလမ်းသာလိမ့်မည်။

အင်ဂိုလာနှင့်ပေါ်တူဂီ

၁၂–၆–၂၀၀၆
ကစားကွင်း–ကိုလုံး
အချိန်–နံနက် ၁း၃၀ နာရီ၊ တနင်္လာနေ့
ကွင်းလယ်ဒိုင်လူကြီး–ဂျော်ဂျီလာရီယွန်ဒါ(ဥရုဂွေး)
လက်ထောက်ဒိုင်(၁)–ဝေါ်လ်တာရီရယ်(ဥရုဂွေး)
လက်ထောက်ဒိုင်(၂)–ပါဘလိုဖန်ဒီနီ(ဥရုဂွေး)
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

အင်ဂိုလာသည် အာဖရိကဇုန်မှ အသင်းတစ်သင်းဖြစ်သည်။ အုပ်စုအတွင်းမှ ရေပန်းစားနေကြသော ပေါ်တူဂီနှင့် မက္ကဆီကိုတို့၏ ရည်မှန်းချက်များကို အချိန်မရွေး ပျက်ပြယ်သွားအောင်လုပ်နိုင်သည့်အသင်းဟု ဘောလုံးလေ့လာအကဲခတ်သူများက ကောက်ချက်ချထားသည်။ ခြေစစ်ပွဲတွင် နိုင်ဂျီးရီးယားကဲ့သို့သော အသင်းကြီးတစ်သင်းကို အပြုတ်ဖြုတ်ခဲ့သည်။ ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် အင်ဂိုလာသည် ခြေရည်ခြေသွေး မည့်ဟုဆိုနိုင်သည်။

အသင်းတွင် ပါဝင်ကစားနေကြသော ကစားသမား အများစုသည် ပေါ်တူဂီတွင် ကစားနေကြသူများဖြစ်သည်။ ထို့အပြင် အခြားဥရောပကလပ်များတွင်လည်း အခြေချကစားလျက်ရှိသည်။ ထို့ကြောင့် အင်ဂိုလာသည် ပေါ်တူဂီ၏ ကစားဟန် ကစားကွက်များနှင့် ရင်းနှီးနေသည်။

အင်အားတောင့်တင်း

ပေါ်တူဂီသည် ဥရောပတွင် အသင်းတိုင်းလေးစားရသော အသင်းတစ်သင်းဖြစ်သည်။ ပေါ်တူဂီကို ဥရောပ၏ ဘရာဇီးဟုတင်စားခေါ်လေ့ရှိသည်။ အမှန်က ဘရာဇီးသည် ပေါ်တူဂီ၏ ကိုယ်ပွားဖြစ်သည်။ ဘရာဇီး၏ ဘောလုံးသမိုင်းအစသည် ပေါ်တူဂီမှ မြစ်ဖျားခံလာသည်။ မည်သို့ပင်ဖြစ်စေကာမူ ပေါ်တူဂီအသင်းမှာ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားများ ထွက်ပေါ်ခဲ့ဖူးသည်။

ယနေ့ပေါ်တူဂီအသင်းမှာ ဒေကို၊ ကာဗယ်လ်ဟို၊ ပီတစ်၊ ဖီဂို၊ စီရော်နယ်ဒို၊ ပေါ်လက်တာ၊ ဂိုမက်စ်တို့ ပါဝင်သည်။ ယင်းကစားသမားသည် နိုင်ငံတကာအဆင့်ရှိသူများဖြစ်သည်။ အတိတ်ဖြစ်ရပ်များ မည်သို့ပင်ရှိစေကာမူ ဘရာဇီးနည်းပြဆရာ စကိုလာရီ ကိုင်တွယ်ပြီးနောက် ပေါ်တူဂီအသင်းသည် ဥရောပဖလားပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည်။ ထို့အပြင် ခြေစစ်ပွဲ ကာလတစ်လျှောက်တွင် ပေါ်တူဂီအသင်း၏ ခြေရည်ခြေသွေး အစစ်အမှန်ကို မြင်တွေ့ခဲ့ကြပြီဖြစ်သည်။ နည်းပြဆရာ စကိုလာရီနှင့် ကစားသမားများ တစ်စုတစ်ရုံးတည်ရှိနေသည်။ ထို့ကြောင့် ပေါ်တူဂီသည် အင်အားတောင့်တင်းလျက်ရှိသည်။

လက်ရှိအခြေအနေအရ ပေါ်တူဂီသည် အထက်စီးမှ ကစားရမည်။ အင်ဂိုလာက အောက်မှပြန်လှန်ကစားရလိမ့်မည်။ အင်ဂိုလာ ဂိုးမပြတ်အောင် ကြိုးစားခဲ့လျှင် ပရိသတ်က များစွာကျေနပ်လိမ့်မည်ဖြစ်သည်။ ။

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်နှင့် အဝတ်အထည်များ ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၅ ရက်က အထက(၁) မြဝတီခန်းမ၌ကျင်းပရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့ပေးအပ်စဉ်။
(၅၃)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၄)လမ်းနေ ဒေါ်ခင်သန်းနွဲ့ (၇၄)နှစ်ပြည့် မွေးနေ့အဖြစ် သဃ်န်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက် ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။
(က–ပ)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက်ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော်ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအကားမှန်ကန်စွာဖြင့် လက်ဆင့်ကမ်းဝေငှထားသည့် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)

(ထွက်ပြီ)

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၀၁၄၄၊ ၂၄၉၀၁၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၄၄၁၈

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှည်းဆိပ်ကျေးရွာနေ ဒေါ်သန်းခင်က ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းငါးသောင်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သရက်တော/မြောက် သရက်တော (၂) လမ်းနေ ဦးတင်မောင်-ဒေါ်ခင်စိန် မိသားစုတို့က အလှူတော်ငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် အရှင်ခေမာသိရီ (လှတော)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဘရင်းကြက်ပေါင်းရည်နှင့် ငှက်သိုက်ရည် ခင်းကျင်းရောင်းချပွဲ အောင်မြင်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

ဘရင်းကြက်ပေါင်းရည်နှင့် ငှက်သိုက်ရည်ခင်းကျင်း ရောင်းချပွဲ အောင်မြင်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Sedona Hotel Ballroom ၌ ကျင်းပရာ ဖိတ်ကြားထားသော ဧည့်သည်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ကုန်သည်ကြီးများ တက်ရောက်ချီးမြှင့်သည်။

ယခုကျင်းပသောပွဲတွင် ကုန်သည်ကြီးများနှင့် အရောင်းကိုယ်စားလှယ်ကြီးများ အင်တိုက်အားတိုက် ပါဝင်ခင်းကျင်းပြသခဲ့ကြသည့်အတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် တက်ရောက်လာကြသော ကုန်သည်ကြီးများနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ကံစမ်းမဲများကို ချီးမြှင့်ပေးခဲ့ရာ ပထမ မရည်ရည်ဝင်း (ဗဟန်း)၊ ဒုတိယ ဒေါ်တင်တင် (သိမ်ကြီးဈေး)၊ တတိယ ဒေါ်ဝင်းဝင်းစန်း (လားရှိုး)တို့က အသီးသီးရရှိသွားကြသည်။

အခမ်းအနားတွင် ဘရင်းကြက်ပေါင်းရည်၏ သမိုင်းကြောင်းနှင့် ဘရင်းကြက်ပေါင်းရည် တီဗွီကြော်ငြာအသစ် စတင်ထုတ်လွှင့်ခြင်း အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။ ဧည့်ပရိသတ်များအား မော်လ်ဒယ်လေးများ၏ အကအလှများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်ခဲ့ပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ဘရင်းကြက်ပေါင်းရည်နှင့် ငှက်သိုက်ရည်ရောင်းချပွဲ အောင်မြင်ခြင်း အခမ်းအနားတွင် ပထမဆုကံစမ်းမဲပေါက်သူ မရည်ရည်ဝင်းအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

အိမ်သုတ်ဆေးအရောင်းကိုယ်စားလှယ် ဆုချီးမြှင့်

ရန်ကုန် ဇွန် ၁၀

Unique Innovative Trading Co., Ltd၏ Jotun Paints အိမ်သုတ်ဆေး ဖြန့်ချိရေးလုပ်ငန်းက သတ်မှတ်ရောင်းအားပြည့်မီသော အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ကန်တော်မင်္ဂလာပန်းခြံရှိ ရှမ်းကန်စားသောက်ဆိုင်၌ ကျင်းပရာ Unique Innovative Trading Co., Ltd. မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Unique Innovative Trading Co., Ltd. ဒါရိုက်တာ ဦးကိုကိုလေးက ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရောင်းအား ပြည့်မီသော အရောင်းကိုယ်စားလှယ်များ ဖြစ်ကြသည့် မော်လမြိုင်မှ ဦးအောင်ကျော်ခင်နှင့် တောင်ငူမှဦးကင်းအောင်တို့အား တစ်ဦးလျှင် ရွှေဒင်္ဂါးပြား တစ်ကျပ်သားစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Unique Innovative Trading Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဟိန်းက စာနယ်ဇင်းအဖွဲ့နာရေး ရန်ပုံငွေကျပ် ၃၀၀၀၀ နှင့် စာနယ်ဇင်းအဖွဲ့ နာမကျန်းရန်ပုံငွေကျပ် ၃၀၀၀၀ တို့ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

Jotun Paints **အိမ်သုတ်ဆေးဖြန့်ချိရေးလုပ်ငန်းက သတ်မှတ်ရောင်းအားပြည့်မီသော အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ဂုဏ်ပြုပွဲကို ရှမ်းကန်စားသောက်ဆိုင်၌ ကျင်းပစဉ်။** (သတင်းစဉ်)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့စိုက်ပျိုးထုတ်လုပ် အထူးအထွက်တိုးစပါး ရိတ်သိမ်းချိန်၌ ဒေသခံတောင်သူများအား ဖိတ်ခေါ်၍ ဖြန့်ကြက်ဆင့်ပွား စက်မှုကုန်ကြမ်းသီးနှံရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်များ လျာထားချက်ကျော်အောင်စိုက်ပျိုး

နေပြည်တော် ဇွန် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မိုးမိတ်မြို့ရှိ မြို့ကျက်သရေဆောင်ခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်းအနီး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ခရေပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

လေယာဉ်ပြေးလမ်းစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုးမိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုး ပွဲ တွင် ခ ရေ ပင် ကို စိုက် ပျိုး ပေး စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLD ပါတီ လျှောက်လှမ်းနေသည့် လမ်းကြောင်းမှာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အစိုးရ ဆန့်ကျင်ရေး လုပ်ရပ်များဖြစ် ရပ်စောက်မြို့နယ် စည်းရုံးရေး ကော်မတီဝင်အဖြစ်မှ နုတ်ထွက်

ရန်ကုန် ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးဘကြူးသည် ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်စာရေးသားပြီး မေ ၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●